မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူများ၏ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ် (၁၉)ဆောင် ရေစက်ချအလှူမင်္ဂလာကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ကြည်ညို၊ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တန်း ဇရပ်ဆောင်အမှတ် (၁၅)၌ ကျင်းပသည့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဦးဆောင်ပြီး စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ်(၁၉)ဆောင် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပရိသတ်များ သုဓမ္မာဇရပ် (၁၉)ဆောင် ရေစက်ချအလှူမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ် (၁၉)ဆောင် ပြုပြင်မွမ်းမံထားရှိမှု၊ အလှူရှင်များ၏ ကမ္ပည်းမော်ကွန်းများ စိုက်ထူထားရှိမှုနှင့် ရာဇဝင်နိပါတ်တော်လာ ပန်းချီကားများ ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဇရပ်အဆောင်များအား ရှေးဟောင်းလက်ရာမပျက် ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျမှတ်တမ်းတင်၍ ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားကာ ဇရပ်ဆောင်အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရေစက်ချအလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုရာ ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မိုးထိတိုက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က သုဓမ္မာဇရပ်များ ပြုပြင်မွမ်းမံလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော်အား သက်နံးအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရှေးဟောင်းသုဓမ္မာဇရပ်များ ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ မပြည့်စုံမှု၊ မှားယွင်းမှုရှိပါက ခွင့်လွှတ်ပါရန် လျှောက်ထားတောင်းပန်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော်က ယခု သုဓမ္မာဇရပ် (၁၉)ဆောင်အား ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ ဆက်လက်ထိန်းသိမ်းသွားရန်နှင့် တစ်နိုင်ငံလုံးရှိ ရှေးဟောင်းအမွေအနှစ်များကိုလည်း ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်သွားရန် တို့ကို ဩဝါဒချီးမြှင့်မြွက်ကြားပြီး ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးတိုင်းဒေသကြီး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယနှင့် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

တည်ဆောက်လှူဒါန်းခဲ့

သုဓမ္မာဇရပ်များကို မင်းတုန်းမင်းကြီးက ကောဇာသက္ကရာဇ် ၁၂၂၆ ခု (ခရစ်နှစ် ၁၈၆၄)တွင် ရတနာပုံစံကျောင်းနှင့် ကျောက်တော်ကြီးဘုရားအကြား၌ ဇရပ် (၁၈)ဆောင်၊ ရေကျိုးလမ်းတစ်လျှောက်တွင် ဇရပ် (၁၅) ဆောင် စုစုပေါင်း (၃၃)ဆောင်ကို *စာမျက်နှာ ၂ ကော်လံ ၁* ◆

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

မက္ကဆီကို၌ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွား စာ - ၄



ရုရှားချောချင်းဒေသတွင်း လမ်းဖောက်ရာမှ ဒိုင်နိုဆောဥရုပ်ကြွင်းအများအပြား အမှတ်မထင်တွေ့ရှိ စာ - ၅

အင်္ဂါဂြိုဟ်နှင့် လမျက်နှာပြင်ပေါ်တွင် အင်တာနက် ချိတ်ဆက်မှု ပြုလုပ်မည် စာ - ၆



အဆိုတော်တေလာဆွစ် ဒရာမာကားရိုက်တော့မည် စာ - ၇

◆ ရှေ့ဖုံးမှ

တည်ဆောက်လှူဒါန်းခဲ့ကြောင်း၊ သုဓမ္မာဇရပ်များပေါ်တွင် နှစ်စဉ် ဝါဆိုလဆန်း ၈ ရက်မှ ဝါခေါင်လဆန်း ၈ ရက် အထိ တစ်လတိုင်တိုင် စာပြန်ပွဲသဘင် ကျင်းပခဲ့ကြောင်း၊ ရတနာပုံခေတ် ဝါတွင်းကာလ ဥပုသ်သည်များ၏ ကွန်းခိုရာနေရာလည်းဖြစ်ခဲ့ကြောင်း၊ ၎င်းအပြင် ယခုကာလအထိ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရားတို့၏ နှစ်စဉ်ကျင်းပမြဲဘုရားပွဲတော်များတွင် အများပြည်သူတို့ အပန်းဖြေနားခိုရာ နေရာများဖြစ်ကြောင်း။

သုဓမ္မာဇရပ်ဆောင်များသည် အုတ်၊ အင်္ဂတေခံ၊ လုံးပတ် ၄ ပေကျော်ရှိ သစ်သားတိုင်လုံး ၂၈ လုံးဖြင့် တည်ဆောက်ထားသည့် အမိုးနှစ်ထပ်၊ လည်ပေါ်တစ်ဆင့်ခံ ထားဝယ်ဆောင်ပုံစံ တစ်ထပ်အဆောက်အအုံဖြစ်ကာ ထုပ်စွပ်၊ လျှောက်စွပ်စနစ်ဖြင့် တည်ဆောက်ထားပြီး တစ်ဆောင်လုံးကို ဟင်္သပဒါးဆေးသုတ်လိမ်းထားသည့် အလျား ၅၁ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၃၁ ပေ အရွယ်အစားရှိကြောင်း။

ဗြိတိသျှတို့ သိမ်းယူပြီးနောက် လမ်းဖောက်လုပ်ရန် ဖျက်သိမ်းခံရခြင်းနှင့် လူတို့၏ ပယောဂနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ဇရပ်(၁၄)ဆောင်ရှိခဲ့ပြီး ယခုအခါ ဇရပ် (၁၉) ဆောင်သာ ကျန်ရှိကြောင်း၊ ဇရပ်များ၏ ကွန်းစင်တိုင်ခန်းနှင့် လက်ခံတိုင်ခန်းထိပ်ပိုင်းနေရာများတွင် ပန်းချီဆရာမြနှင့် ဆရာအေးတို့၏ ရာဇဝင်နိပါတ်တော် ဆီဆေးလက်ရာပန်းချီကား (၄၈၉)ချပ်ကို ၁၉၀၅ ခုနှစ်တွင် ရေးဆွဲပြီး ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း။

စီစဉ်ဆောင်ရွက်

ယခုကျန်ရှိသည့် သုဓမ္မာဇရပ် (၁၉) ဆောင်အနက် (၆) ဆောင်အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သိန်းပေါင်း ၂၅၀ ဖြင့်လည်းကောင်း၊ ဇရပ် (၁၃) ဆောင်အား စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၄၅၈ ဒသမ ၈ သိန်းဖြင့်လည်းကောင်း ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် နိပါတ်တော်လာ ပန်းချီကား (၄၈၉)ချပ်အနက် (၁၅၀)ချပ်အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၄၅ သိန်းဖြင့် သိပ္ပံနည်းကျ သန့်စင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ပန်းချီကား (၃၃၉) ချပ်ကိုလည်း ခေတ်မီဓာတုဗေဒနည်းများဖြင့် ဆက်လက် ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း၊ သုဓမ္မာဇရပ် (၁၉)ဆောင်နှင့် ပန်းချီကားများကို လဟာပြင်နိပါတ်တော် ပန်းချီပြခန်းသဖွယ် ခင်းကျင်းပြသသွားရန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သုဓမ္မာဇရပ်အလှူရှင်များ၏ ကမ္ပည်းမော်ကွန်းများ စိုက်ထူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြီးစီး၍ ရေစက်ချလှူဒါန်းခဲ့သည့် သုဓမ္မာဇရပ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကာလရှည်ကြာ၍ ပျက်စီးမှုများ ထပ်မံဖြစ်ပေါ်လာပါက ယနေ့ပြုပြင်လှူဒါန်းခဲ့ကြသည့် မူလအလှူရှင်များ ပြန်လည်ပြုပြင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ရေးအတွက် ဇရပ်တစ်ဆောင်ချင်း၏အလှူရှင်များထံသို့ ဦးစွာအသိပေးအကြောင်းကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်းတစ်နိုင်ငံလုံးရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ အဆောက်အအုံများအား နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင် ပြည်သူလူထုတို့ ပူးပေါင်း၍ ပြုပြင်မွမ်းမံ ထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေကျင်၌ နှစ်ကျိုပ်ရှစ်ဆူ လှည့်လည်ပူဇော်

ရွှေကျင် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့တွင် အသက်(၈၀) အထက် အဘိုးအဘွား ၁၃၇ ဦးတို့အား ဧပြီ ၁၇ ရက် နံနက် ၇ နာရီက အထက ရွှေကျင်ခန်းမ၌ သင်္ကြန်ပူဇော်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပူဇော်ကန်တော့ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့ကာ အဘိုးအဘွား ၁၃၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၁၅၀၀ ဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၇၅၅၀၀ ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရွှေကျင်မြို့အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတောင်ဦးစေတီတော်နှင့် အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်တို့တွင် ဘုရားဖူးသူများ၊ တရားထိုင်သူများ၊ ရေချမ်းပန်းကပ်လှူကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း၊ ကျေးရွာပြည်သူများစုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို ညနေ ၆ နာရီတွင် ရှမ်း/ကြေးရပ်ကွက် ညဈေးလမ်းဆုံမှစတင်၍ မြို့တွင်းလှည့်လည်ပူဇော်ခဲ့ရာ လှည့်လည်ပူဇော်ပွဲအပြီးတွင် ဆုရရှိသည့် အသင်းအဖွဲ့များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(၀၀၁)

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၅	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁း၃၀	ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့်ပိုးဟပ်ရုပ်ကလေးများ**(အပိုင်း-၅၀)
၁၂း၀၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ဒီအတိုင်းလေးပဲကောင်းပါတယ်**
၁၃း၀၀	ကျန်းမာသုတ
၁၃း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၁၉)

ညပိုင်း

၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ဘဝကြေးမုံ
၆း၅၀	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၂၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - မိုးလေဝသသတင်း - ယနေ့ရန်ကုန်မြင်ကွင်းစုံ - ပဟေဠိနန်းတော်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၅)
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးရဲ့လင်းသံစဉ်** (အပိုင်း-၂၁)

မေတ္တာပေါင်းကူးတံတားဖွင့်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်နှင့် အမှတ်(၈) ရပ်ကွက်ကြားရှိ ချောင်းအား ဖြတ်လျက် တည်ဆောက်ခဲ့သည့် အမှတ် (၂) မေတ္တာပေါင်းကူးသံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါ တံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ မြို့နယ်လဝက ဦးစီးအရာရှိ ဦးဇော်သိန်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြစ်သော ဦးထွန်းဝေ၊ ဦးသိန်းနိုင်၊ တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၆၆)

သင်္ကြန်ပူဇော်ပွဲ တောင်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သင်္ကြန်ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က အထက(၁) သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်းနှင့် (၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့ အမှာစကားပြောကြားကြသည်။

လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြ၊ အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်၊ မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက အဘိုးအဘွားများအား ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၂၃)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၂၂ ရက်)

အဖီးလည်းလှစေ၊ အခိုင်လည်းကြီးစေ

"အခိုင်ကြီးလည်း အဖီးလှမှ တင့်တယ်သည်" ဆိုသည့် မြန်မာစကားပုံရှိသည်။ တိုင်းပြည် နိုင်ငံအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စည်ပင်သော ခရိုင်၊ မြို့ကြီး ပြကြီးများရှိမှ တင့်တယ်ကြောင်း ဆိုလိုရင်းဖြစ်သည်။ မြို့ရွာများစည်ပင်ဖွံ့ဖြိုးမှုသည် အရေးကြီးပေသည်။ မြို့ရွာများ စည်ပင်ဖွံ့ဖြိုးပါမှ ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာပေမည်။

မြန်မာနိုင်ငံတွင် မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပေသည်။ အမြို့မြို့အနယ်နယ်တိုင်းတွင် မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ဆိုင်းဘုတ်ကြီးများကို တွေ့ရသည်။ ယခုအခါ မြို့ရွာများ သန့်ရှင်းသာယာလှပရေးကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်ကြရပေတော့မည်။ မြို့ရွာများ၏ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် အရေးကြီးပေသည်။

မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး တံခါးပေါက်များ ပွင့်လန်းလာသည်နှင့်အမျှ နိုင်ငံတကာဆက်ဆံရေးသည် တစ်နေ့တခြား ဒီရေအလား တိုးပွားလျက်ရှိသည်။ လာမည့်နှစ်တွင် မြန်မာနိုင်ငံက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ရှိသည်။ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူလျက် ထိပ်သီးအစည်းအဝေးများ အိမ်ရှင်အဖြစ်လက်ခံကျင်းပဦးမည်။ နိုင်ငံတကာဆက်ဆံရေးသည် ရှေ့လျှောက်တိုးလာဖို့သာရှိသည်။ နိုင်ငံခြားခရီးသွားများ မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်မှု တိုးတက်များပြားလာဖို့သာရှိသည်။

ဤသို့သောအချိန်များတွင် မြို့ရွာများ၏ သန့်ရှင်းသာယာလှပမှုသည် အထူးအရေးကြီးသည်။ အိမ်သာမှ ညှော်လာဆိုသည့်စကားရှိသည်။ သန့်ရှင်းကောင်းမွန်ပြီး နေချင့်စဖွယ်ကောင်းမှ ကမ္ဘာလှည့်ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်မည်။ မြို့ရွာများ သန့်ရှင်းသာယာလှပရေးသည် အထူးအရေးကြီးပေသည်။ အထူးသဖြင့် ရထားလမ်းဘေးတစ်လျှောက်နှင့် မော်တော်ကားလမ်းဘေးတစ်လျှောက် မြို့ရွာများ၏ သန့်ရှင်းသာယာလှပရေးကို အထူးဆောင်ရွက်သင့်ပေသည်။ ထိုလမ်းဘေးတစ်လျှောက်မြို့ရွာများတွင် အမှိုက်သရိုက်နှင့် ကြွပ်ကြွပ်အိတ်များ လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသန့်ရှင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သင့်၏။ မျက်စိပသာဒကို ဖြစ်စေမည့် ပန်းအလှပင်များ စိုက်ပျိုးသင့်၏။

သန့်ရှင်းသာယာလှပရေးကို လူတိုင်း၊ အိမ်တိုင်းပင် ပြုလုပ်နိုင်၏။ ဆင်းရဲသည်၊ ချမ်းသာသည် အဓိကမဟုတ်။ တိုက်အိမ်နှင့်နေသည်ဖြစ်စေ သန့်ရှင်းမှုမရှိလျှင် နေချင့်စဖွယ်မကောင်း။ ဓနိမိုး ထရံကာအိမ်ဖြစ်လင့်ကစား သပ်သပ်ရပ်ရပ်အမှိုက်သရိုက်ကင်းပြီး ပန်းမန်များ စိုက်ပျိုးထားလျှင် အလွန်နေချင့်စဖွယ်ကောင်း၏။ မြို့ရွာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည်ထက် မြို့ရွာများ အလျင်အမြန် သန့်ရှင်းသာယာလှပရေးဆိုသည်မှာ ပို၍အရေးကြီးသည်။ အထူးသဖြင့် မီးရထားလမ်းတစ်လျှောက်နှင့် မော်တော်ကားလမ်းတစ်လျှောက် မြို့ရွာများ၏ သန့်ရှင်းသာယာလှပမှုသည် အထူးအရေးကြီးသည်။ မြို့တွင်း မြို့ပြင်နှင့် နေအိမ်တိုင်းတွင် သန့်ရှင်းသာယာလှပမှုကို ဆောင်ရွက်သင့်၏။

သို့ဖြစ်ပါသဖြင့် နေအိမ်တစ်အိမ်ချင်းစီမှ အစပြု၍ တစ်မြို့လုံး၊ တစ်နိုင်ငံလုံးသန့်ရှင်းသာယာလှပရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လုပ်ကိုင်သင့်ပြီ။ လူတိုင်းအမှိုက်သရိုက်များ စည်းကမ်းတကျ စွန့်ပစ်သင့်ပြီ။ စည်းကမ်းမဲ့ လုပ်ရပ်များသည် ဒီမိုကရေစီမဆန်၊ ဒီမိုကရေစီခေတ် ဒီမိုကရေစီစနစ်တွင် လူတိုင်း စည်းကမ်းရှိရမည်။ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်း သန့်ရှင်းလှပရမည်။ အဖီးလည်းလှစေ၊ အခိုင်လည်းကြီးစေဖို့ မြို့ရွာများ သန့်ရှင်းသာယာလှပမှုကို မြှင့်တင်ကြပါစို့ဟူ၍ တိုက်တွန်းလိုက်ရပါသည်။ ။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဧပြီ ၁၈ ရက် နံနက် ၁၀နာရီခွဲတွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ငှက်ကွေးကျေးရွာသို့ သွားရောက်ပြီး ဧပြီ၁၅ရက်တွင် မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော မီးဘေးသင့် ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ တိုင်းဒေသကြီးအစိုးရ အဖွဲ့က ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများ၊ ပခုက္ကူခရိုင်အတွင်းမှဌာနဆိုင်ရာများ၊အလှူရှင်များက မီးဘေးသင့်နေအိမ်များ ပြန်လည်ဆောက်လုပ်ရန်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မီးသတ်ဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ မီးလောင်ပြင် ရှင်းလင်းနေမှု၊ နေအိမ်များ ပြန်လည် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေး သည်။

ယင်းနောက် မင်းဘူးခရိုင် စလင်း မြို့နယ်ရှိ စလင်းတမံကို ကြည့်ရှုစစ်ဆေး ပြီး ပွင့်ဖြူမြို့နယ် မဲဇလီ ဆည်ရေသောက် ဆည်တော်မြောင်းတစ်လျှောက်နှင့် နွေစပါးထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မင်းဘူးခရိုင်တွင် ၂၀၁၁-၂၀၁၂ နွေစပါးစိုက်ပျိုးရာသီ၌ မဲဇလီဆည်ရေ သောက်မှ ၆၅၉၇၄ ဧက လျာထားခဲ့ရာ ယနေ့အထိ ထွန်တုံးပိတ် စိုက်ဧက ၆၆၃၁၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ ကြောင်းနှင့် စိုက်ပျိုးပြီး နွေစပါးများ မှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်၏ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၁

မွန်ပြည်နယ်၏ ဇီဝိတဒါနငါးလွှတ် ပွဲကို ဧပြီ ၁၇ရက် နံနက် ၇ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်း သာတံတား၌ကျင်းပရာ ပြည်နယ်ဝန်ကြီး ချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ် ချုပ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များက ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀ နှင့် တီလားပီးယားကောင်ရေ ၁၀၀၀၀ တို့ကို သံလွင်မြစ်အတွင်းသို့ လွှတ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဝဲပုံ ကျောင်းတိုက် ဆရာတော်အား ဖူးမြော် ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာ၌ ဘိုးဘွား ပူဇော်ကန်တော့ပွဲကျင်းပရာ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင် နှင့် တာဝန်ရှိသူများက အဘိုး ၁၅ဦး နှင့် အဘွား၄၀တို့အား လက်ဆောင်ပစ္စည်း များဖြင့် ကန်တော့ကြသည်။

ထို့နောက် တောင်ဝိုင်းဘိုးဘွား ရိပ်သာ ရွှေရတုအခမ်းအနားအတွက် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြပြီး အဘိုးတစ်ဦးနှင့် အဘွား တစ်ဦးတို့က ဆုတောင်းမေတ္တာပို့သ ကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် ပြည်သူများနှင့် အတူ မော်လမြိုင်မြို့ Strand Hotel ရှေ့ ကမ်းနား၌ စင်ရော်ငှက်များအား အစာကျွေးကာ ဒါနပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လေဘေးသင့်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဧပြီ ၂၁

လေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက် ၉ နာရီတွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် က အဖွင့်အမှာစကားပြောကြားပြီး ရွာငံ မြို့နယ် မြို့ကြီးကျေးရွာအုပ်စု ပျက်စီးမှု များ၊ နန်းခုံကျေးရွာအုပ်စု၌ ပျက်စီးခဲ့ သော အိမ်ထောင်စု ခုနစ်စုနှင့် မြို့ကြီး ကျေးရွာအုပ်စု အိမ်ထောင်စု (၆၆)စုတို့ အတွက်လည်းကောင်း၊ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာနှင့်သိမ်ကုန်းကျေးရွာ ပျက်စီးမှုများ၊ ပြည်သူ့ဆေးရုံ ထိခိုက် ပျက်စီးမှုများနှင့် ငှက်ပျောတောရပ်ကွက် မှ အိမ်ထောင်စု ငါးစုတို့ အတွက်လည်း ကောင်း ထောက်ပံ့ငွေကျပ် ၄၃၅၀၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် လေဘေးသင့်ပြည်သူ များကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၂၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ **ဖန်တီးမှုရဲ့လျှို့ဝှက်ချက်**
- ၁၂:၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **အရိုက်အရာ** ကျော်ရဲအောင်၊ ဇာနည်၊ စိုးမြတ်သူဇာ၊ ကြည်လဲ့လဲ့ဦး၊ ရတနာပို (ဒါရိုက်တာ-မီးပွား)
- ၁၃:၃၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၁၃:၄၅ ၇။ **အရက်နှင့်ကျန်းမာရေး** (အပိုင်း-၂)
- ၁၄:၀၀ ၈။ **မျက်ရည်စက်များ ကင်းစေချင်**
- ၁၄:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၁၄:၅၀ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ **ငှက်တစ်သောင်း**
- ၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **ကင်ဆာရောဂါဖြေရှာ**
- ၅:၂၅ ၈။ အကပြိုင်ပွဲ
- ၅:၃၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၃၆)
- ၆:၄၀ ၁၃။ တစ်မျက်နှာ၊တစ်ကွက်စာ **ပန်းနုရောင်သေမင်း** (ကောင်းဆက်ထူး၊ သဲနော်ဇာ၊ ဗိုသီရိခေတ်) ဒါရိုက်တာ- မေတင် (MMG)
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၃၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အိပ်မက်ထဲကအတိုင်း** (မွန်တိုင်းအန္တရာယ်ကြိုတင် ပြင်ဆင်နိုင်ရေး ပညာပေးဇာတ်လမ်း)
- ၁၉။ ရင်ခုန်လက်ကမ်း တေးသစ်လမ်း
- ၂၀။ **အရေးကြုံရင် ကြေးမုံရှိတယ်**
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာနှစ်ဆန်းတစ်ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဥက္ကဋ္ဌများ နှင့်အဖွဲ့ဝင်များ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၌ အဘိုးအဘွားများအား တစ်ကိုယ်ရေသန့်ရှင်းပေးခြင်း၊ နံ့သာများလိမ်းပေးခြင်းများ ဆောင်ရွက်ပြီး အလှူ ငွေကျပ် တစ်သိန်းနှင့် မျက်နှာသုတ်ပဝါများ လှူဒါန်းကြစဉ်။(မြို့နယ် ထွေ/အုပ်)

ဒုတိယဝန်ကြီး ဦးခင်မောင်အေး လေးထောင့်ကန် ငါးလုပ်ငန်းစခန်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး သည် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ဒဂုံ မြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ လေး ထောင့်ကန်ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိ ရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးခင်ကိုလေးနှင့် စခန်းတာဝန်ခံ ဒေါ်သင်းသင်းဦးတို့က ငါးသားဖောက် ရာသီချိန်အမီ ငါးမှုန် ငါးသန်ပြုစုကန်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ မျိုးငါးကြီးများ ပြုစု မွေးမြူထားရှိမှု၊ ငါးမျိုး မျိုးမြှင့်တင်ခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှု များကို တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီး ဌာန၏ ရည်မှန်းချက်များနှင့်အညီ သား ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် သား ငါး စားသုံးမှုနှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အတွက် တစ်ပိုင်တစ်နိုင် ငါးမွေးကန်ငယ် များအတွင်း ငါးသားဖောက်ခြင်း၊ ကြီးထွား အောင်မွေးမြူခြင်းစသည့် လုပ်ငန်းများကို ကျေးလက်နေပြည်သူများအား အသိ ပညာဖြန့်ဝေရေးတို့ကို ဆွေးနွေးမှာကြား ပြီး ငါးမှုန်ငါးသန် ပြုစုကန်များ ပြုပြင်စီမံ ထားမှု၊ မျိုးငါးများ မွေးမြူထားမှု၊ ဝန်ထမ်း များ၏ မတည်ရင်းနှီးငွေဖြင့် ဆောင်ရွက် လျက်ရှိသော ငါးမွေးကန်၊ ဘဲနှင့်ကြက်၊ နွားမွေးမြူခြင်း၊ မီးဖိုချောင်သုံးသီးနှံ စိုက်ခင်းများ စုစည်းဆောင်ရွက်သည့် ပေါင်းစည်းလယ်ယာ (Integrated Farming)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲနှင့် ဆိပ်ခံတံတား ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ ခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကိုယ့်အား ကိုယ်ကိုး ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲနှင့် ဆိပ်ခံတံတား ပန္နက်တင်မင်္ဂလာ အခမ်း အနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီ က မော်လမြိုင်ကျွန်းမြို့ မြို့မ(၆)ရပ်ကွက် (၁၄)လမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဌေးမောင်က ကိုယ့်အား ကိုယ်ကိုး ကွန်ကရစ်လမ်းသစ်များနှင့် ဆိပ်ခံတံတား တည်ဆောက်မှုလုပ်ငန်း များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်း မောင်၊ အလှူရှင် ဦးလှရွှေနှင့် ဦးဝင်းကြိုင် တို့က ကွန်ကရစ်လမ်းသစ်များကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ပန္နက်တင်

ယင်းနောက် အလှူရှင်များက မော်လမြိုင်ကျွန်းမြို့ (၁၅)လမ်း မဟာဗန္ဓုလ (၁)လမ်းထိပ်၌ တည်ဆောက်သွားမည့် ဆိပ်ခံတံတားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊တိုင်းဒေသကြီးစည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်း နိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်း တို့က ဆိပ်ခံတံတား ဆောက်လုပ်မည့် နေရာ၌ မင်္ဂလာပန္နက်တင်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ခဲ့ပြီ။ လူအများဆုတောင်းနေကျ ဖြစ် သော "အသက် ၁၂၀ ရှည်စေသော်" ဟူ သည့် ဆုတောင်းစကားသည် ကမ္ဘာပေါ် တွင် ယခုတိုင် အဘွား ဒေါ်မြကြည် တစ်ယောက်တည်းသာ ပြည့်သေးသည်ဟု ဆိုနိုင်သည်။

စာရေးသူ ပြင်ဦးလွင်မြို့မှ အပြန် အဘွားဒေါ်မြကြည်ထံ ဝင်ရောက်ကာ အဘွား၏ ကျန်းမာရေးနှင့် စပ်လျဉ်း၍ စူးစမ်းလေ့လာပြီး စကားစမြည်ပြော ရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ရှောင် လမ်းဖြစ်သည့် ထုံးဘို-မြစ်ငယ်လမ်း အတိုင်း ခရီးဆက်ခဲ့သည်။

မန္တလေးမှ သတင်းထောက် ဦးနီနီ ၏ ကူညီခေါ်ဆောင်မှုဖြင့် ထုံးဘို- မြစ်ငယ်လမ်းအတိုင်း ခရီးထွက်လာပြီး မကြာမီ လမ်း၏ယာဘက်မြေလမ်းအတိုင်း ချိုးကွေ့ဝင်လာခဲ့သည်။ မြေလမ်းမှာကား ချိုင့်ခွက်များဖြင့် ကြမ်းလှသည်။ ထို့ နောက်သုံးမိုင်ခန့် သွားပြီးသောအခါ အဆိုပါလမ်း၏လက်ယာဘက်သို့ ချိုးကွေ့ ကာ ကန်သင်းပေါင်လမ်းအတိုင်း ရွာဘက် ဆီသို့ဝင်ခဲ့သည်။ ရွာအဝင်လမ်းမှာ ကန်သင်းပေါင်ပေါ် ဖောက်လုပ်ထားခြင်း ဖြစ်သည်။ ကန်သင်းပေါင်အတိုင်း ၆ ဖာလုံ ခန့်သွားပြီးသောအခါ အဘွားဒေါ်မြကြည် ၏ နေအိမ်သို့ ရောက်ရှိခဲ့ကြသည်။

ဧည့်သည်လာသည်ဆိုသဖြင့် အဘွား ဒေါ်မြကြည်မှာ နေအိမ်ငယ်အတွင်းမှ အိမ်ရှေ့ကွပ်ပျစ်ပေါ်သို့ ထွက်လာပြီး ခရီးဦးကြိုပြုသည်။ စားစရာ ငှက်ပျောသီး၊ ချိုချဉ်၊ ရေသန့်တို့ဖြင့် ဧည့်ခံသည်။ နှုတ်က လည်း "ငှက်ပျောသီးစားကြ နှလုံးအေး တယ်"ဟု ဆိုနေပြန်သည်။

အဘွားနှင့် စာရေးသူတို့ အပြန် အလှန်မိတ်ဆက်စကားပြောကြပြီးနောက် အဘွား၏ ကျန်းမာရေးအကြောင်းကို စာရေးသူက စပ်စုမိသည်။

အဘွားက- "အဘွား-အခု အသက် ၁၂၀ပြည့်ပြီးလို့ သုံးလစွန်းခဲ့ပါပြီ။ အသက် ၃၀ လောက်ကစပြီး အသားငါးတွေ မစား တော့ပါဘူး"ဟု ပြောသည်။

စာရေးသူက "အဘွားအကြိုက်ဆုံး အစားအစာကို ပြောပါဦး"ဟု မေးတော့ အဘွားက "နှမ်းဖတ်သုပ်ကို အကြိုက်ဆုံး ပဲ။ အိမ်မှာအမြဲလုပ်ထားတယ်"ဟုဆို သည်။

အဘွားသည် မျက်စိမှုန်နေပြီဖြစ် သော်လည်း ပြောစကားသံများသည် အားမာန်အပြည့်ရှိနေဆဲ၊ ကြည်လင် ပြတ်သားဆဲ၊ နားမှာလည်း ကောင်းမွန်ဆဲ ဖြစ်သည်။ ထပ်၍ အသက်ရှည်ရှည် နေရလိမ့်ဦးမည်ဟု ထင်သည်။

စာရေးသူတို့ပြန်ခါနီးတွင် အဘွား၏ ကျန်းမာရေးနှင့် အလှူဒါနလုပ်ငန်းများ တွင် စိတ်အားထက်သန်စွာ လုပ်ကိုင်ပေး နေသော သတင်းထောက် ဦးနီနီအား "ငါ့သား-အဘွားသီတင်းကျွတ်မှာ ဆွမ်း ဆန်စိမ်းလောင်းပွဲလုပ်ဦးမယ်။ ဆက်ဆက် လာခဲ့နော်"ဟု ထပ်ကာထပ်ကာ ဖိတ်ခေါ် နေသံကို ကြားလိုက်ရသည်။

အဘွားအနေဖြင့် မိမိကိုယ်မိမိအသက် ရှည်ကျန်းမာစွာ နေထိုင်ရလိမ့်ဦးမည်ဟု အခိုင်အမာ ယုံကြည်ထားဟန်ရှိသည်။ အဘွားအတွက်ကြည်နူးပီတိဖြစ်ရပါသည်။

သို့သော် အဘွားအတွက် ဝမ်းနည်း ဖွယ်ကောင်းသည်ကား အဘွားအသက် ၁၂၀ ကျော်ခဲ့သည်မှာ အထောက်အထား ခိုင်မာစွာရှိခဲ့ပြီဖြစ်သော်လည်း ယခုတိုင် ကမ္ဘာတွင် မြန်မာ့ဂုဏ်တင့်ကာ အဆင့်မြင့် စေမည့် ဂင်းနက်စ်မှတ်တမ်းမဝင်သေး ခြင်းပင်ဖြစ်ပါကြောင်း. . ။ **(မြန်မာ့အလင်း)**

မရမ်းကုန်းမြို့နယ် အမက (၂၉)၏ ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၇ရက်က ကျင်းပရာ သူငယ်တန်း(က)မှ ဘက်စုံထူးချွန်ပထမဆုရရှိသော မချောရတနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအောင်ဆုချီးမြှင့်စဉ်။ (ပညာရေး)

တောင်ငူခရိုင် သင်္ကြန်ယိမ်းပြိုင်ပွဲ ဆုရယိမ်းအဖွဲ့အား ဂုဏ်ပြု

တောင်ငူ ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ကော်မတီက ကြီးမှူးကျင်းပသည့် သင်္ကြန်ပွဲတော်ပြိုင်ပွဲတွင် သင်္ကြန်ယိမ်း ပထမဆုနှင့် သင်္ကြန်မယ် ပထမဆုရ တောင်ငူမြို့နယ် အမှတ်(၁၁)ရပ်ကွက်မှ ပြိုင်ပွဲဝင်ယိမ်း အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် ညနေ ၅ နာရီက ကန်တော်အမက၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးကျော်လှ(သမာဓိ)၊ ရပ်မိရပ်ဖ ဦးမြင့်သူ (နန်းသူဇာပဲလှော်)၊ ဆရာကြီး ဦးတင်မြင့်(ငြိမ်း)နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော် ကျော်မျိုးတို့က ဂုဏ်ပြုစကားများ ပြောကြားကြပြီး ဆုရဖလားနှစ်ခုကို ရပ်ကွက် အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၁၅)**

ဘဝအမောပြေ

ဒါကြောင့်ပါ | **အာကာဟိန်း - ရေးသားသည်**

မိတ်ဆွေနှစ်ဦး မမျှော်လင့်ဘဲလမ်း၌ တွေ့ဆုံပြီး စကားလက်ဆုံ ပြောမကုန် ဖြစ်လျက်ရှိရာမှ မိတ်ဆွေတစ်ဦးက ဇနီးဖြစ်သူနှင့် ပတ်သက်ပြီး ပြောပြလေသည်။

ပထမမိတ်ဆွေ - မင်းနဲ့တွေ့တုန်း ငါ့ဇနီးအကြောင်း ပြောပြရဦးမယ်။

ဒုတိယမိတ်ဆွေ - ဘာများလဲကွာ။

ပထမမိတ်ဆွေ - ငါ့ဇနီးနဲ့ငါစကားပြောတိုင်း သူကအမြဲတမ်း ခေါင်းငုံ့ပြီး နားထောင်လေ့ရှိတယ်ကွ။

ဒုတိယမိတ်ဆွေ - ဟုတ်လား. . . တကယ်လား။

ပထမမိတ်ဆွေ - တကယ်ပေါ့ကွ… မင်းကိုမြင်စေချင်ပါတယ်…။

ဒုတိယမိတ်ဆွေ - ဘယ်လိုနည်းနဲ့ ပညာပေးထားလို့လဲ. . . ။

ပထမမိတ်ဆွေ - ဒီလိုပေါ့ကွာ…။

ဒုတိယမိတ်ဆွေ - ငါ့ကိုလည်း နည်းလမ်းပြောပြစမ်းပါဦး။

ပထမမိတ်ဆွေ - အထင်မကြီးပါနဲ့။ ငါ့ဇနီးက ငါ့ထက်အရပ် တော်တော် မြင့်လို့ပါ။

ဒုတိယမိတ်ဆွေ - "ဟေ"။

အားကစား ဖောင်ပိတ်သတင်း

၂၂-၄-၂၀၁၂

စပိန်လာလီဂါ ပွဲစဉ်(၃၄)

ဘာစီလိုနာ ၁ - ၂ ရီးရဲမက်ဒရစ်

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မက္ကဆီကို၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

မိုးမြင့်လင်းလက် - စုစည်းသည်

မက္ကဆီကိုစီးတီး ဧပြီ ၂၁

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ပြင်ရှိ ပိုပိုကာတီပီတယ် မီးတောင်ထိပ်ဝမှ မီးခိုးများ၊ မီးတောက်မီးလျှံများထွက်ပေါ်လျက်ရှိပြီး ကျောက်ခဲအပိုင်းအစများလည်း မီးတောင်မှ တစ်ကီလိုမီတာအကွာအထိ လွင့်စဉ်ကျဆင်းလျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၇၉၀၀ မြင့်သော ၎င်းမီးတောင်သည် ဧပြီ ၂၁ ရက် နံနက် ၅ နာရီ ၀၅ မိနစ်ခန့်က စတင်ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ထိုသို့မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်ကြသော ကျေးရွာများမှ ဒေသခံများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော မီးခိုးနှင့်ပြာမှုန်များ ဝေဟင်တွင် လွင့်ပျံ့လျက်ရှိရာ အထူးသဖြင့် မီးတောင်၏အရှေ့တောင်ဘက်ဝေဟင်၌ လွင့်ပျံ့နေရာ လေယာဉ်ခရီးစဉ်များအတွက် သတိပေးချက်ထုတ်ပြန်ထားသည်။

၎င်းမီးတောင်ထိပ်ဝမှ ခုနစ်မိုင်ခန့်ဝေးကွာသော ဆာလီဇင်လာမြို့တွင် ပြည်သူများ အထူးသတိပြုနေထိုင်ကြရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာလေဆိပ်၌ မှောင်ခိုသယ်လာသောလိပ်များ သိမ်းဆည်းမိ

ဒါကာ ဧပြီ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာလေဆိပ်တွင် ခရီးဆောင်အိတ်နှစ်လုံးအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် ကုန်းလိပ်ကောင်ရေ ၄၀၀ ကျော်အား လေဆိပ်အကောက်ခွန်အရာရှိများက တွေ့ရှိသိမ်းဆည်းခဲ့ပြီး သက်ဆိုင်သူ နှစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒါကာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်သို့ လိုက်ပါမည့် အိန္ဒိယနိုင်ငံသားနှစ်ဦးတို့၏ သံသယဖြစ်ဖွယ်ခရီးဆောင်အိတ်နှစ်လုံးကို လေဆိပ်အကောက်ခွန်အရာရှိများက ဖွင့်ပြီး စစ်ဆေးခဲ့ရာမှ အဆိုပါကုန်းလိပ်များကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းလိပ်များသည် ကာလပေါက်ဈေးအမေရိကန်ဒေါ်လာ ၃၅၀၀၀ ခန့်တန်ဖိုးရှိပြီး ထိုင်းနိုင်ငံရှိ တရားမဝင်မှောင်ခိုဈေးကွက်သို့ တင်ပို့ရန်အတွက် လျှို့ဝှက်စွာသယ်ဆောင်လာခြင်းဖြစ်သည်။ ယင်းလိပ်များကို အိန္ဒိယမှ သယ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး ဒါကာလေဆိပ်တွင် ခရီးတစ်ထောက်ရပ်နားကာ ဗန်ကောက်သို့ သယ်ယူရန်ကြိုးစားစဉ် သိမ်းဆည်းမိခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောရိုင်းတိရစ္ဆာန်များကို တရားမဝင်မှောင်ခိုသယ်ယူရာ ခရီးတစ်ထောက်ရပ်နားသည့်နေရာတစ်ခုသဖွယ် အသုံးပြုလာနေကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

သက်ရှိထင်ရှား ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသားကြီး ကီမူရာ မွေးနေ့ပွဲကျင်းပ

တိုကျို ဧပြီ ၂၁

ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိသူများအနက် ကမ္ဘာ့အသက်အကြီးဆုံး လူသားဖြစ်သည့် ဂျပန်အမျိုးသားကြီး ကီမူရာ၏ ၁၁၅ နှစ်မြောက်မွေးနေ့ကို ဧပြီ ၁၉ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း ဧပြီ ၂၁ ရက်တွင်သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့သား ကီမူရာ **(ယာပုံ)** သည် သားသမီးခုနစ်ဦးရှိပြီး ငါးဦးမှာ ယခုထက်တိုင် အသက်ရှင်နေထိုင်လျက်ရှိသည်။ ကီမူရာတွင်မြေး ၁၄ ဦး၊ မြစ် ၂၅ ဦးနှင့် တီ ၁၃ ဦးတို့ရှိသည်။ သူသည် နေ့စဉ်အစားအစာများကို အနည်းငယ်သာမျှတစွာစားသုံးလေ့ရှိသူဖြစ်သည်။

ဂျပန်အမျိုးသားကြီး ကီမူရာသည် ဂျပန်စာတိုက်ရုံးတွင် ၃၈ နှစ်ကြာမျှ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အငြိမ်းစားယူကာ လယ်ယာလုပ်ငန်းများကို အသက် ၉၀ အထိလုပ်ကိုင်ခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၁-၄-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

နိုင်ငံတကာအာကာသစခန်းသို့ အာကာသကုန်တင်ယာဉ်ရုရှားလွှတ်တင်

ပရိုဂရက် M-15M အာကာသကုန်တင်ယာဉ်ကို သယ်ဆောင်သွားသည့် ရုရှားဆိုယု-ယူ ဒုံးကျည်တစ်စင်းကို နိုင်ငံတကာအာကာသစခန်းသို့ ဧပြီ ၂၀ ရက်က ပစ်ခတ်လွှတ်တင်ခဲ့ကြောင်း ရုရှားအာကာသရေးရာအေဂျင်စီမှ ရိုစကော့မော့စ်က ပြောကြားသည်။ ***(ယာပုံ)***



အဆိုပါဒုံးကျည်ကို ရုရှားနိုင်ငံ ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသစခန်းမှ ယင်းနေ့ မော်စကိုစံတော်ချိန် ၁၆ နာရီ မိနစ် ၅၀ က ပစ်ခတ်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ရိုစကော့မော့စ်က ဆက်လက်ပြောကြားသည်။ ပရိုဂရက် M-15M အာကာသယာဉ်သည် လောင်စာဆီနှင့် သိပ္ပံပစ္စည်းကိရိယာ တန်ချိန် ၂ ဒသမ ၄တန်ခန့် အာကာသစခန်းရှိ ဝန်ထမ်းများအတွက် အောက်စီဂျင်၊ အစားအစာနှင့် အဝတ်အထည်များကို နိုင်ငံတကာအာကာသစခန်းသို့ သယ်ဆောင်သွားမည်ဖြစ်သည်။

တောင်အာဖရိကရှိ ကိတ်တောင်းတွင် လူတစ်ဦးငါးမန်းတိုက်ခိုက်ခံရ

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့အနီး ကိုဂယ်လ်ပင်လယ်အော်အနီးတွင် ဧပြီ ၂၀ ရက်က ကြီးမားသော ငါးမန်းဖြူကြီးတစ်ကောင်တိုက်ခိုက်ခံရမှုကြောင့် အသက် ၂၀ ခန့်အရွယ် ဒေးဗစ်လီလန်ဖီးလ်အမည်ရှိ လူတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ လီလန်ဖီးလ်သည် ၎င်း၏ညီအစ်ကိုမောင်နှမများနှင့်အတူ ရေလွှာလျှောစီးကစားနေစဉ် ထိုသို့တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ယင်းငါးမန်းဖြူကြီးသည် ခန့်မှန်းခြေ ၁၃ ပေနှင့် ၁၆ ပေခန့်ရှည်ပြီး သူ၏ညာဘက်ခြေထောက်ကို ကိုက်ခံရခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ ငါးမန်းဖြူကြီးသည် အဆိုပါပင်လယ်အော်ရှိ ကျောက်ဆောင်များအတွင်းမှ ထွက်လာသည်ကို သတိမမူမိသဖြင့် ထိုသို့တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ၎င်းတို့ထဲမှ တစ်ဦးဖြစ်သည့် လူစီလီဘက်စတာ၏ ပြောပြချက်အရ ငါးမန်းကြီးတိုက်ခိုက်ခံရသည့် လီလန်ဖီးလ်နှင့် အခြားသူများ ရေကစားသည့်နေရာမှ ကိုက် ၂၀ မှ ၃၀ အကွာတွင် ယင်းငါးမန်းကို တွေ့မြင်ခဲ့ရကြောင်း၊ သို့သော်လည်း သူမနှင့် အလှမ်းဝေးနေသည့်အတွက် သတိပေးရန် ခက်ခဲခဲ့ကြောင်း နိုင်ငံပိုင်ဝက်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအရှေ့ပိုင်းတွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပွား

ရုရှားနိုင်ငံအရှေ့ပိုင်း အမာဒေသတွင် ဧပြီ ၂၀ ရက်က ကြီးမားသော မီးလောင်ပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် နေအိမ်ပေါင်း ၇၅ လုံးခန့်နှင့် အဆောက်အအုံများမီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါ မီးလောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရမှုနှင့်သေဆုံးမှုများ ချက်ချင်းထုတ်ပြန်မှုမရှိသေးကြောင်း အနီးဝန်းကျင်ရှိ ဒေသခံများကို ကယ်ဆယ်ရေးများပြုလုပ်ပေးခဲ့ရကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ အနီးဝန်းကျင်ရှိ လူနေရပ်ကွက်များမှမီးသတ်ကားများ ဦးတည်မောင်းနှင်သွားကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ ***(အင်တာနက်)***

နိုင်ငံတကာသတင်းများ

အကဲဖြတ်လေ့လာရေးအဖွဲ့ ဆီးရီးယားသို့စေလွှတ်ရန် လုံခြုံရေးကောင်စီစဉ်းစား

ဂျီနီဗာ ဧပြီ ၂၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း **(ယာပုံ)** ၏ ထောက်ခံတင်ပြချက်အရ ဆီးရီးယားနိုင်ငံသို့ ကုလသမဂ္ဂပထမဆုံး အကဲဖြတ် လေ့လာရေးအဖွဲ့စေလွှတ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စဉ်းစားလျက်ရှိကြောင်း ဧပြီလအတွက် လုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိ၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆူစန်ရိုက်စ်က ကုလသမဂ္ဂတွင် သတင်းထောက်များအား ဧပြီ ၂၀ ရက်က ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၌ အကြမ်းဖက်မှုများ ဆက်လက်၍ အရှိန်မြင့်ကြီးထွားလာမှုကြောင့် ဆီးရီးယားနိုင်ငံတစ်ဝန်း ပျမ်းမျှ ၁၀ နေရာတွင် အကဲခတ်အဖွဲ့များ စေလွှတ်ရေးအချက်တစ်ချက်လည်း အဆိုပြုထားသည့်တင်ပြချက်တွင် ပါဝင်ကြောင်း ရိုက်စ်က ပြောကြားသည်။ ဆီးရီးယားအစိုးရတပ်များနှင့် လက်နက်ကိုင်အတိုက်အခံများအကြား အပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်အကဲခတ်ရန် ကုလသမဂ္ဂ၏ အဖွဲ့ဝင်ခြောက်ဦးပါ ရှေ့ပြေးအဖွဲ့ ဆီးရီးယားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စာသင်ကျောင်း အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးပစ်

အစ္စလမ္မာဘတ် ဧပြီ ၂၁

အစိုးရတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ရင်ဆိုင်တိုက်ခိုက်နေကြသည့် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ အစိုးရပိုင် အမျိုးသမီးမူလတန်းကျောင်းတစ်ကျောင်းကို အမည်မသိအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြပါရှိသည်။

ဖျက်ဆီးလိုက်

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၉၀ ခန့်အကွာ ခိုင်ဘာပတန်ဂွါပြည်နယ် ဂျမ်ရပ်တက်ဆီလ်ထိုင်ဆီဂန်ဒါခဲဒေသရှိ အဆိုပါမူလတန်းကျောင်းကို အကြမ်းဖက်သမားများက ဧပြီ ၂၀ ရက် နံနက်တွင် ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းသို့ဖောက်ခွဲဖျက်ဆီးခဲ့ချိန်တွင် စာသင်ကျောင်းအတွင်း တစ်စုံတစ်ဦးမျှမရှိသည့်အတွက် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိသည်ဟု သတင်းမရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ရုရှားနေ့စထရင်းဓာတ်ငွေ့ပိုက်လိုင်း အောက်တိုဘာတွင် စတင်ဖြန့်ဖြူးမည်

မော်စကို ဧပြီ ၂၁

ရုရှားနိုင်ငံ နေ့စထရင်းဓာတ်ငွေ့ပိုက်လိုင်း အောက်တိုဘာလတွင် ဓာတ်ငွေ့များစီးပွားဖြစ် ပေးပို့ရောင်းချတော့မည်ဖြစ်ကြောင်း ရုရှားဓာတ်ငွေ့ကုမ္ပဏီ ဂက်ပရွန်က ဧပြီ ၂၀ ရက်တွင် ကြေညာသည်။ **(ဝဲပုံ)**

ပြောကြား

မိမိတို့ဂက်ပရွန် ဓာတ်ငွေ့ကုမ္ပဏီကြီးက အောက်တိုဘာလတွင် စတင်ဖြန့်ဖြူးမည်ဖြစ်ကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဇလက်ဇီမစ်လားက ဝန်ကြီးချုပ် ဗလာဒီမာပူတင်နှင့် တွေ့ဆုံပြောကြားလိုက်သည်။

ဥရောပသို့ဓာတ်ငွေ့ရောင်းချမှုကို နှစ်စဉ်ကုဗမီတာများစွာ တိုးမြှင့်ရောင်းချရန် စီစဉ်ထားသည်ဟုဆို၏။ **(အင်တာနက်)**

တူရကီသံရုံး အမှုထမ်းတစ်ဦး မိုဂါဒစ်ရှူးမြို့တော်၌ ပစ်သတ်ခံရ

မိုဂါဒစ်ရှူး ဧပြီ ၂၁

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ တူရကီသံရုံး၌ ဘာသာပြန်သူအဖြစ် တာဝန်ထမ်းဆောင်နေသူ ဆိုမာလီနိုင်ငံသားတစ်ဦးအား ဧပြီ ၂၀ ရက်တွင် အမည်မသိအကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်သတ်လိုက်ကြောင်း ဆိုမာလီရဲတပ်ဖွဲ့က ကြေညာသည်။

ဇေ-၄ခေါ်သည့် လမ်းဆုံတွင် တူရကီသံရုံး၌ ဘာသာပြန်သူအဖြစ် တာဝန်ထမ်းဆောင်သူ ယူစွပ်ရှိတ်ဟူစိန်အီဘရာဟင်အား တစ်ကိုယ်တော်သေနတ်သမားက သေနတ်ဖြင့်သုံးလေးချက်မက ပစ်ခတ်သတ်ဖြတ်လိုက်ခြင်းဖြစ်သည်။

သေနတ်သမားသည် ယင်းသို့စိတ်ကြိုက်ပစ်ပြီး ထွက်ပြေးသွားကြောင်း သိရသည်။ ရဲတပ်ဖွဲ့က တရားခံဖမ်းမိရေး ခြေရာခံလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

ရုရှားချေချင်းဒေသတွင်း လမ်းဖောက်ရာမှ ဒိုင်နိုဆော၌ရုပ်ကြွင်းအများအပြား အမှတ်မထင်တွေ့ရှိ

မော်စကို မေ ၂၁

ရုရှားနိုင်ငံ ချေချင်းဒေသအတွင်း ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆော၌များစွာကို ဘူမိဗေဒပညာရှင်များ ရှာဖွေတွေ့ရှိကြောင်း မေ ၂၀ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရှေးနှစ်သန်းပေါင်း ၆၀အထက်က မြေကမ္ဘာပေါ် ကျင်လည်ကျက်စားခဲ့သည့် မျိုးသုဉ်းဒိုင်နိုဆောမကြီးတစ်ကောင်ဥချခဲ့သော ဥကြီးများဖြစ်ကြောင်း ချေချင်းစတိတ်တက္ကသိုလ်မှ ဘူမိဗေဒပညာရှင် အီမန်းဒါကဘေရေးလုဇ်က ပြောကြားသည်။ **(ယာပုံ)**

"ယခုအထိ ဖော်ထုတ်တွေ့ရှိပြီး ဥများမှာ ဥ ၄၀ ခန့်ရှိပါတယ်။ တွေ့ရှိတဲ့ ဥအရေအတွက်အတိအကျပြောဖို့ မတတ်နိုင်သေးပါဘူး။ မြေအောက်နစ်မြုပ်ဆဲဥများကိုလည်း ဆက်ပြီးတူးဖော်ရဦးမှာမို့ပါ"ဟု အီမန်းကပြောကြားခဲ့သည်။

အဆိုပါဒိုင်နိုဆောဥများကို လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် တောင်စောင်းတစ်နေရာအား မိုင်းခွဲရာမှတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကော့ကေးဆပ်တောင်တန်း ဂျော်ဂျီယာနိုင်ငံ နယ်စပ်အနီး လမ်းဖောက်လုပ်ရေးဆောင်ရွက်စဉ် ယခုလိုအမှတ်မထင်တွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။

တွေ့ရှိထားသော ကျောက်ဖြစ်ရုပ်ကြွင်းဥများကို ရုပ်ကြွင်းပညာရှင်များက မည်သည့်ဒိုင်နိုဆောမျိုးစိတ်မှ ဥပေါက်ခဲ့သည့် ဥများဖြစ်သည်ဟု ဆန်းစစ်ရန်လိုအပ်နေသေးကြောင်း အီမန်းကဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားလျက်ရှိ၊ သေဆုံးသူ ၇၀၀ ကျော်ပြီဖြစ်

ဦးနှောက်အမြှေးပါးရောင်ရောဂါ ကူးစက်ဖြစ်ပွားနေသူများ ဆေးဝါးကုသမှုခံယူရန်စောင့်စားနေကြစဉ်။

ဂျိနီဗာ မေ ၂၁

ဦးနှောက်အမြှေးပါးရောင်ရောဂါကြောင့် အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် သေဆုံးသူဦးရေမှာ ယခုနှစ်အတွင်း ၇၄၉ ဦး ရှိသွားပြီဖြစ်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးအဖွဲ့ (OCHA)က မေ ၂၀ ရက်တွင်သတင်းထုတ်ပြန်ခဲ့သည်။

အာဖရိက အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတွင်းနိုင်ငံ ဘတ်ကီနာဖာဆိုနှင့် ချတ်ဒ်နိုင်ငံနှစ်နိုင်ငံသည် ယင်းရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးနှစ်နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားရေးအဖွဲ့က ပြောကြားသည်။

ဘတ်ကီနာဖာဆိုနိုင်ငံအတွင်း ယခုနှစ် နှစ်စမှစ၍ဦးနှောက်အမြှေးပါးရောင်ရောဂါခံစားရသူပေါင်း ၃၆၃၀ ရှိကြောင်း၊ ဒေသအတွင်း ယင်းရောဂါဖြစ်ပွားနှုန်း၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ မေ ၁ ရက်အထိ အဆိုပါရောဂါကြောင့် သေဆုံးခဲ့သူ ၄၀၀ ရှိခဲ့ကြောင်း OCHA အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

နိုင်ငံ၏အနောက်ပိုင်း မာလီ၊ ဂါနာ၊ တိုဂိုနှင့် ဘီနင်နိုင်ငံများအနီး နယ်စပ်ဒေသတစ်လျှောက်တွင် ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ခရိုင်ရှစ်ခရိုင်တွင် ရောဂါပျံ့နှံ့ကူးစက်လျက်ရှိပြီး ခရိုင် ၁၁ ခရိုင်မှာ သတိပေးချက်ထုတ်ပြန်ထားရသော စိုးရိမ်ဖွယ်အခြေအနေတွင်ရှိနေသည်။

ချတ်ဒ်နိုင်ငံတွင်လည်း ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်ပွားသူဦးရေသည်နှစ်စမှ မေ ၁ ရက်အထိ ၂၁၃၆ ဦးရှိပြီး သေဆုံးသူမှာ ၁၀၂ ဦးရှိခဲ့ကြောင်း ယင်းအဖွဲ့၏ထုတ်ပြန်ချက်တွင် ဆက်လက်ပါရှိသည်။ **(အင်တာနက်)**

ဟောင်ကောင်ရှိ ဟိုတယ်တစ်လုံးတွင် မီးလောင်မှုဖြစ်၊ လူ ၃၀၀ခန့်အား ကယ်ထုတ်ရွှေ့ပြောင်းပေးခဲ့ရ

ဟောင်ကောင် မေ ၂၁

ဟောင်ကောင်ကျွန်းရှိ ဟိုတယ်တစ်လုံးတွင် မေ ၂၁ ရက် နံနက်က မီးလောင်မှု ဖြစ်ပွားသဖြင့် လူ ၃၀၀ ခန့်အား ဘေးလွတ်ရာ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒေသမြောက်ပိုင်းရှိ ဟာဘာဂရန်ဟောင်ကောင် ဟိုတယ်တွင် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က မီးလောင်နေသည်ဟူသောသတင်း လက်ခံရရှိခြင်းဖြစ်ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရသူများတွင် နေထိုင်မကောင်းဖြစ်နေသူ လူမမာတစ်ဦးလည်းပါဝင်ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

မီးလောင်မှုစတင်ဖြစ်ပွားသည်မှာ ဟိုတယ်အမြင့်ဆုံးအထပ် ၃၈လွှာရှိ LCD တီဗွီဖန်သားမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခြင်းဖြစ်ဖွယ်ရှိသည်ဟု မီးသတ်ဌာနကယူဆထားသည်။

မီးမှာ တငွေ့ငွေ့အရှိန်မြင့်လောင်ကျွမ်းခဲ့ပြီး နံနက် ၆ နာရီ ၄၅ မိနစ် ခန့်တွင် မီးတောက်မီးလျှံမှာ ငြိမ်းမနိုင်ကြီးမားစွာ လောင်ကျွမ်းကြောင်း၊ ဟိုတယ်ခုနစ်ထပ်လွှာနှင့် တတိယထပ်ရှိ ရေကူးကန်သို့ပါ မီးညွန့်မီးလျှံများ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

ဟိုတယ်အတွင်း နေထိုင်သူများနှင့် ဝန်ထမ်း ၃၀၀ နီးပါးကို ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ယင်းတို့မှ အမျိုးသမီးကြီးတစ်ဦးမှာ ကောင်းစွာမကျန်းမာသဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

ထွန်းသစ်စ တောင်ဆူဒန်နှင့် ဆူဒန်ပဋိပက္ခ ငြိမ်းချမ်းစွာ အဖြေရှာရန်လိုအပ်

သတင်းမှတ်စု - တိုး

ဆူဒန်နိုင်ငံနှင့် တောင်ဆူဒန်နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း တိုက်ပွဲများပြင်းထန်လာသည့်နောက်ပိုင်း အငြင်းပွားဟက်လစ်ရေနံမြေမှ တပ်များရုပ်သိမ်းပေးရန် တောင်ဆူဒန်နိုင်ငံအား အာဖရိကသမဂ္ဂ(အေယူ)က နှိုးဆော်ထားသည်။

ဆူဒန်နှင့် တောင်ဆူဒန်တို့ ဆက်လက်၍ အပြင်းအထန်တိုက်ခိုက်လာမှုကြောင့် များစွာအံ့သြမိကြောင်း၊ နှစ်ဖက်စလုံးထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း အေယူကကြေညာလိုက်သည်။

တောင်ဆူဒန်တပ်များက ဟက်လစ်ရေနံမြေကို ဧပြီ ၁၀ ရက်က သိမ်းပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တင်းမာနေခြင်းဖြစ်သည်။

တောင်ဆူဒန်သည် မိမိတို့နယ်မြေအတွင်း ကျူးကျော်လာသည်ဟု ဆူဒန်နိုင်ငံက စွပ်စွဲလိုက်ပြီး အိမ်နီးချင်းတောင်ဆူဒန်အပေါ် စစ်ပြင်ဆင်ရတော့မည်ဟုလည်း သတိပေးလိုက်သည်။ စောစောပိုင်းကလည်း အာဖရိကသမဂ္ဂ(အေယူ)မှကြားဝင်ဆောင်ရွက်ပေးသည့် ရေနံနှင့်နယ်နိမိတ်ကိစ္စများဆိုင်ရာ အဒစ္စအဘာဘာငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ တောင်ဆူဒန်နှင့်ပြုလုပ်နေခြင်းကို ရပ်ဆိုင်းရန် ဆူဒန်နိုင်ငံက ပြောကြားလာပြီဖြစ်သည်။

အပြန်အလှန်အားဖြင့် တောင်ဆူဒန်နိုင်ငံကလည်း ယင်း၏နယ်စပ်ကျေးရွာတစ်ရွာကို ဆူဒန်လေတပ်ကဗုံးကြဲသွားကြောင်း စွပ်စွဲလိုက်သည်။

အိမ်နီးချင်းနှစ်နိုင်ငံ နယ်စပ်ဒေသတိုက်ပွဲမှာပြီးခဲ့သည့်လကစ၍ အရှိန်မြင့်လာသည်။ ၂၀၁၁ ခုနှစ် ဇူလိုင် ၉ ရက်တွင် တောင်ဆူဒန်နိုင်ငံ လွတ်လပ်ရေးရပြီးနောက် ယခုအခါနှစ်နိုင်ငံဆက်ဆံရေး အဆိုးဆုံးဖြစ်နေသည်။ နယ်စပ်တိုက်ပွဲမှာ ဆူဒန်နှင့်တောင်ဆူဒန်နှစ်နိုင်ငံ မီးကုန်ယမ်းကုန်စစ်ပွဲအဖြစ် ကူးပြောင်းသွားမည်ကိုပင် နိုင်ငံတကာက စိုးရိမ်လာကြရသည်။

ပြည်သူတို့၏အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသည့် ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ဖြစ်ပြီးနောက် တောင်ဆူဒန်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဇူလိုင် ၉ ရက်တွင် လွတ်လပ်လာခြင်းဖြစ်သည်။

ရေနံကြွယ်ဝသည့် တောင်ဆူဒန်နိုင်ငံသည် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တောင်ဆူဒန်နိုင်ငံ၌ ကလေးသူငယ်ခုနစ်ဦးလျှင် တစ်ဦးမှာ အသက်ငါးနှစ်မပြည့်မီသေဆုံးရသည်ကို တွေ့ရသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ တင်းမာနေချိန်တွင် တောင်ဆူဒန်သည် နိုင်ငံခြားသားများ၏ လှည့်စားမှုကိုခံရပြီး စစ်ရေးနည်းလမ်းကိုရွေးချယ်နေကြောင်း ဆူဒန်သမ္မတအိုမာအယ်ဘရှားက စွပ်စွဲလိုက်သည်။ စစ်ရေးနည်းလမ်းသည် နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း ၎င်းက သတိပေးလိုက်သည်။

ဆူဒန်စစ်လေယာဉ်များက တောင်ဆူဒန်ပိုင် ဘင်တီယူမြို့အနီးမှ အရေးပါသည့်တံတားကို ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးသည်။ တစ်ဖန် တောင်ဆူဒန်တပ်များက ရေနံထွက်ရှိသည့် နယ်စပ်မြို့ ဟက်လစ်ကို သိမ်းပိုက်သည်။

ယင်းသို့ ဟက်လစ်ရေနံမြေကို တောင်ဆူဒန်တပ်များသိမ်းခြင်းကြောင့် အာဖရိကသမဂ္ဂ(အေယူ)ကမကထပြုသည့် စေ့စပ်ဆွေးနွေးပွဲမှ ဆူဒန်နုတ်ထွက်သည်။ ထို့နောက်ပိုင်းတွင် နယ်စပ်ဒေသမှ ဆူဒန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားအောင် ကုလသမဂ္ဂက ဆောင်ရွက်မပေးနိုင်လျှင် ဆူဒန်နယ်စပ်ရှိ အငြင်းပွားလျက်ရှိသော အဘိုင်းအိရေနံမြေကို သိမ်းရလိမ့်မည်ဖြစ်ကြောင်း တောင်ဆူဒန်သမ္မတ ဆာလ်ဗာကီးမားက ခြိမ်းခြောက်ပြန်သည်။

နှစ်နိုင်ငံနယ်စပ်လုံခြုံရေးအခြေအနေ ပိုမိုဆိုးလာခြင်းအပေါ် စိုးရိမ်ကြောင်း အေယူက ထုတ်ဖော်ကြေညာပြီး ငြိမ်းချမ်းစွာဖြေရှင်းကြရန်လည်း တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ဆူဒန်နှင့်တောင်ဆူဒန်တို့ ချက်ချင်းအပစ်အခတ်ရပ်စဲကြရန်တောင်းဆိုလျက်ရှိသည်။ နယ်စပ်ဖြတ်ကျော်ဗုံးကြဲမှုအပါအဝင် အပစ်အခတ်များကိုလည်း ရပ်စဲရမည်ဟု ကြေညာထားလိုက်သည်။ တောင်ဆူဒန်နိုင်ငံ ၂၀၁၁ခုနှစ် ဇူလိုင်လတွင် ခွဲထွက်ကာ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပွားခဲ့သောပဋိပက္ခများတွင် ဤတစ်ကြိမ် အကြမ်းဖက်တိုက်ခိုက်ခြင်းမှာ ပထမဆုံးအကြိမ် အကြီးမားဆုံး၊ အဆိုးရွားအပြင်းထန်ဆုံးဖြစ်သည်။

တောင်ဆူဒန်အစိုးရသည် မိမိတို့ရန်သူဖြစ်ကြောင်း ဆူဒန်ပါလီမန်က ဧပြီ ၁၆ ရက်တွင် တညီတညွတ်တည်း မဲခွဲလိုက်သည်။

တောင်ဆူဒန်နိုင်ငံကိုအုပ်ချုပ်သည့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့(အက်စ်ပီအယ်အမ်)အစိုးရကို ဖယ်ရှားပစ်ရန် ဆူဒန်ပါလီမန်ဥက္ကဋ္ဌ အာမက်အီဘရာဟင် အယ်တာဟားက ယင်းနေ့တွင်တောင်းဆို ဆော်သြလိုက်သည်။

ထိုအတောအတွင်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တိုက်ပွဲများကြောင့် ဆူဒန်တပ်ဖွဲ့ဝင် ၂၂ ဦးသေဆုံးသည်။ မေရန်မြို့အနီး နယ်စပ်မြစ်တွင်တိုက်ပွဲဖြစ်ပွားသည်။ တောင်ဆူဒန်တာဝန်ရှိသူများ၏ အဆိုအရ နယ်စပ်မြစ်မှ ရေခပ်စဉ် ရန်သူလက်နက်ကြီးဖြင့် စတင်ပစ်သဖြင့် တိုက်ပွဲစတင်ခြင်းဖြစ်သည်ဟုသိရသည်။

စိုးရိမ်စရာဖြစ်

မည်သို့ပင်ဆိုစေ တောင်ဆူဒန်တပ်များလက်မှ ဟက်လစ်ရေနံမြေကို ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း ဆူဒန်သမ္မတအိုမာအယ်ဘရှားက ၎င်းအား ထောက်ခံသူများနှင့် ဧပြီ ၂၀ ရက်က တွေ့ဆုံစဉ် ကတိပြုအာမခံပြောကြားလိုက်သည်။သမ္မတ၏ကတိကြောင့် အိမ်နီးချင်းနှစ်နိုင်ငံအကြား မီးကုန်ယမ်းကုန်စစ်ဖြစ်မည့်အရေး မဝေးတော့ဟု စိုးရိမ်စရာဖြစ်ရသည်။

ထိုနေ့ကပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဟက်လစ်မြို့မှ တောင်ဆူဒန်တပ်များ ချက်ချင်းရုပ်သိမ်းရန် တိုက်တွန်းလိုက်သည်။ တင်းမာမှုအရှိန်မမြင့်စေရေးအတွက် စေ့စပ်ဆွေးနွေး အဖြေရှာရန်လည်း နှိုးဆော်လိုက်ပါကြောင်း ။ ။ **ကိုးကား-အင်တာနက်**

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာဟိန်း-စုစည်းသည်



စနေဂြိုဟ်အရံလ တီတန်မျက်နှာပြင်၌ အရည်များဖြင့်ပြည့်နေသောအိုင်ကြီး တွေ့ရှိ

ဝါရှင်တန် မေ ၂၁

စနေဂြိုဟ်၏အရံလတစ်စင်းဖြစ်သော တီတန်လမျက်နှာပြင်တွင် အာဖရိကတိုက် နမီးဘီးယားနိုင်ငံမှ အီတိုရှားပင် ရေအိုင်ကြီးအရွယ်အစားခန့်ရှိသော အိုင်ကြီးတစ်အိုင်ကို စနေဂြိုဟ်လေ့လာရေးယာဉ်က ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဖော်ပြ

ယင်းအိုင်ကြီးသည် တီတန်အမည်ရှိလမျက်နှာပြင်၏တောင်ဘက်တွင်တည်ရှိပြီး အရည်အချို့ဖြင့် ပြည့်လျက်ရှိသည်။ အဆိုပါအရည်များသည် ဟိုက်ဒရိုကာဗွန်အရည်များရောပွမ်းနေပြီး ရေချည်းသက်သက်မဟုတ်ကြောင်း၊ အရည်များမှာ မီတာအနည်းငယ်မျှနက်ကြောင်း သတင်း၌ဖော်ပြသည်။

၎င်းအိုင်ကြီးအနီးတွင် တောင်ကုန်းများတည်ရှိနေပြီး အဆိုပါတောင်ကုန်းများပေါ်မှ အရည်များ စီးဆင်းကာ ရေအိုင်ကြီးဖြစ်ထွန်းလာခဲ့ဟန်ရှိသည်ဟု နာဆာမှ အာကာသသုတေသနပညာရှင်များက ကောက်ချက်ချထားသည်။

လောလောဆယ်တွင် စနေဂြိုဟ်နှင့်အရံလများ၏အနေအထားကို လေ့လာရန် နာဆာ၊ ဥရောပအာကာသအေဂျင်စီ၊ အီတလီအာကာသအေဂျင်စီတို့မှ လေ့လာရေးယာဉ်များစေလွှတ်ကာ သုတေသနပြုလေ့လာလျက်ရှိသည်။

အဆိုပါအိုင်ကြီးအတွင်း အရည်များမှာ မီသိန်း၊ အီသိန်းနှင့် အဆင့်မဲ့ဓာတ်ငွေ့ ပရိုပိန်းကဲ့သို့သော အရည်များ ရေပွမ်းပါဝင်လျက်ရှိသည်ဟု သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည့် အင်ဗီဆက်ဂြိုဟ်တုလုပ်ငန်းများ ပြန်ဆောင်ရွက်နေ

ဝါရှင်တန် မေ ၂၁

ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားသော အင်ဗီဆက်အမည်ရှိ ဂြိုဟ်တုနှင့် မြေပြင်စခန်းတို့ ပြီးခဲ့သည့် ဧပြီ ၈ ရက်မှ စတင်ကာ အဆက်အသွယ် ပြတ်တောက်ခဲ့ရာမှ ယခုအခါ ပြန်လည်ချိတ်ဆက်မိပြီး သတင်းအချက်အလက်နှင့် ပုံရိပ်များ ပြန်လည်ပေးပို့နေပြီဖြစ်ကြောင်း မေ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



အင်ဗီဆက်ဂြိုဟ်တုသည် ယခုအခါ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပုံမှန်ပျံသန်းလှည့်ပတ်မှုများ ပြုလုပ်နေပြီဖြစ်သည်။ အင်ဗီဆက်ဂြိုဟ်တုမှ နေစွမ်းအင်ဆိုလာပြား၌ ချို့ယွင်းမှုဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ပြန်လည်ကောင်းမွန်ကာ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းဂြိုဟ်တုကို ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်ထားခြင်းဖြစ်ပြီး ကမ္ဘာမြေ၏ပုံရိပ်ကို အကောင်းဆုံးအနေအထားဖြင့် ထုတ်ပြန်ပေးနိုင်သည်။ ထို့အတူ အခြားသောဂြိုဟ်တုများဖြင့်လည်း ချိတ်ဆက်ကာ သတင်းဓာတ်ပုံများဖလှယ်လျက်ရှိကာ ပုံမှန်လုပ်ငန်းများကို လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



အင်္ဂါဂြိုဟ်နှင့် လမျက်နှာပြင်ပေါ်တွင် အင်တာနက်ချိတ်ဆက်မှု ပြုလုပ်မည်

ဝါရှင်တန် မေ ၂၁

အင်္ဂါဂြိုဟ်နှင့်လမျက်နှာပြင်ပေါ်တွင် အာကာသယာဉ်မှူးများ လေ့လာသုတေသနပြုလုပ်ငန်းများ အပြည့်အဝလုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်ချိတ်ဆက်မှု ပြုလုပ်နိုင်မည့်နည်းလမ်းကို ဥရောပအာကာသအေဂျင်စီက စီစဉ်နေကြောင်း မေ ၂၁ ရက်တွင်သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ထိုသို့အင်တာနက်ချိတ်ဆက်မှုပြုလုပ်နိုင်ပါက အင်္ဂါဂြိုဟ်နှင့်လမျက်နှာပြင်ပေါ်တွင် သွားလာလေ့လာနေသည့် အာကာသယာဉ်ငယ်များကို အနီးကပ်ထိန်းချုပ်နိုင်ကာ လိုအပ်သည့်သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ရယူနိုင်မည်ဖြစ်သည်။

ထို့အပြင် အနာဂတ်ကာလ၌ အာကာသခရီးစဉ်များ လွှတ်တင်မှုနှင့် ပြန်လည်ဆင်းသက်မှုများကို အမှားအယွင်းနည်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တစ်ဖန် အင်္ဂါဂြိုဟ်မျက်နှာပြင်နှင့် လမျက်နှာပြင်ပုံရိပ်များကိုလည်း အကောင်းဆုံးဓာတ်ပုံများ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

ထို့အတူ နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် အခြားလေ့လာရေး အာကာသယာဉ်များနှင့် ချိတ်ဆက်ကာ သတင်းနှင့်ဓာတ်ပုံများ အပြန်အလှန်ဖလှယ်ကာ အသုံးပြုနိုင်မည့်အခွင့်အရေးလည်း ရရှိနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်

4G အင်တာနက်ဖုန်းများ ၂၀၁၂ ခုနှစ်တွင် ရောင်းအား အကောင်းဆုံးဖြစ်လာ

လော့စ်အိန်ဂျလိစ် မေ ၂၁

စတုတ္ထမျိုးဆက်သစ်ဟုခေါ်ဆိုသည့် 4G မိုဘိုင်းလ်ဖုန်း **(ယာပုံ)**သည် ၂၀၁၂ ခုနှစ်အတွက် ရောင်းအား အကောင်းဆုံး မိုဘိုင်းလ်ဖုန်းဖြစ်လာသည်။

4G သည် အကောင်းဆုံး စမတ်ဖုန်းအမျိုးအစားဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး မိုဘိုင်းလ်ပစ္စည်းဖြစ်ကြောင်း ABI ဈေးကွက်သုတေသနဌာန၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

4G ရောင်းချမှုမှာ ၂၀၁၂ ခုနှစ်ကုန်ပိုင်းအထိ အဆပေါင်း ၃၀၀ နီးပါးမြင့်တက်မည်ဖြစ်ပြီး လုံးရေ ၈၇ သန်းအထိ တင်ပို့ရောင်းချရလိမ့်မည်ဟု ABI ဈေးကွက်သုတေသနဌာနက မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။ **(အင်တာနက်)**

ipad အမျိုးအစားသစ်များ တောင်ကိုရီးယား၌ စတင်ရောင်းချ

ဆိုးလ် မေ ၂၁

အက်ပဲလ်ကုမ္ပဏီက ထုတ်လုပ်လိုက်သော ipad အသစ်များကို နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိလိုက်ပြီး တစ်လခန့်အကြာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၀ ရက်က ipad အသစ်များ စတင်ရောင်းချပေးလိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီက ကြေညာသည်။ **(ယာပုံ)**

ဝယ်ယူသူရာပေါင်းများစွာသည် ဆိုးလ်မြို့ရှိ အက်ပဲလ်စတိုးဆိုင်ကြီးများ၌ ipad အသစ်များကို အလုအယက်ဝယ်ယူခဲ့ကြသည်။ ဆိုးလ်မြို့၌ အက်ပဲလ်စတိုးဆိုင်လေးဆိုင်ကို အဆိုပါ Tablet ကွန်ပျူတာများရောင်းချရန် စောစောပိုင်းရက်များကတည်းက ဖွင့်လှစ်ပေးထားသည်။

အသက် ၂၁ နှစ်အရွယ် လင်ဂျန်ဟောင်အမည်ရှိကျောင်းသူသည် ပထမဆုံး ipad ဝယ်ယူသူဖြစ်လာသည်။ ၎င်း ipad တစ်လုံး၏ တန်ဖိုးမှာ ကိုရီးယား ဝမ် ၆၂၀၀၀၀(အမေရိကန်ဒေါ်လာ ၅၄၅)မှ ၈၆၀၀၀၀ ဝမ် (အမေရိကန်ဒေါ်လာ ၇၅၅) အထိရှိသည်။

ရောင်းချပေးခဲ့

တောင်ကိုရီးယား ipad အသုံးပြုသူများသည် 3G အစား မြန်နှုန်းအားကောင်းသော 4G မိုဘိုင်းလ်ဖုန်းများကို အစားထိုးအသုံးပြုလာကြသည်။ ပြီးခဲ့သည့်လအတွင်း ipad စတင်ရောင်းချပြီးနောက် ယခုအခါ ipad အလုံးသုံးသန်းအထိ ရောင်းချပြီးဖြစ်သည်။ မေ ၂၀ ရက်က တောင်ကိုရီးယားနိုင်ငံအပါအဝင် နိုင်ငံ ၁၀ နိုင်ငံ၌ ipad အသစ်များ ရောင်းချပေးခဲ့သည်။

မိတ်ဆက်ပြသ

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်သော ဆမ်ဆောင်းကုမ္ပဏီသည် အက်ပဲလ်ကုမ္ပဏီ၏ အဓိကပြိုင်ဘက်ဖြစ်သည်။ ဆမ်ဆောင်းကုမ္ပဏီကလည်း မကြာမီက Galaxy Tab 10.1 အိုင်ပက်အမျိုးအစားသစ်တစ်မျိုးကို မိတ်ဆက်ပြသခဲ့သည်။ ယခုလကုန်ပိုင်းတွင် ipad အသစ်များကို နိုင်ငံပေါင်း ၅၀ အထိ ဝယ်ယူရရှိရန်စီစဉ်သွားမည်ဟု အက်ပဲလ်ကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

အက်ပဲလ် iphone များ စမတ်ဖုန်းသမိုင်းတွင် အကောင်းဆုံးဖြစ်လာမည်

လော့စ်အိန်ဂျလိစ် မေ ၂၁

အက်ပဲလ်ကုမ္ပဏီက ထုတ်လုပ်လိုက်သော iphone 4S **(ဝဲပုံ)**သည် ၎င်းကုမ္ပဏီသမိုင်းတွင် နည်းပညာအမြင့်ဆုံးထုတ်ကုန်ပစ္စည်းဖြစ်ကြောင်း အက်ပဲလ်ကုမ္ပဏီက မေ ၂၀ ရက်တွင်ကြေညာသည်။

iphone 4S သည် စတင်ရောင်းချသည့် ပထမဆုံးသီတင်းပတ်ထဲမှာပင် အလုံးရေလေးသန်းအထိ ရောင်းချခဲ့ရသည့် စမတ်ဖုန်းအမျိုးအစားသစ်ဖြစ်သည်။ အဆိုပါ iphone 4S သည် စမတ်ဖုန်းချစ်သူများအတွက် အဓိကဆွဲဆောင်လျက်ရှိကြောင်း ဈေးကွက်လေ့လာသူများက ပြောကြားသည်။ အက်ပဲလ်ကုမ္ပဏီက ယခုနှစ်ကုန်ပိုင်းတွင် iphone 5 ကို ထုတ်လုပ်သွားရန်စီစဉ်နေကြောင်း သိရသည်။ iphone 5 သည် iphone 4Sထက် နည်းပညာအဆင့်မြင့်မားမည်ဖြစ်ပြီး စမတ်ဖုန်းသမိုင်းတွင် အကောင်းဆုံးဖြစ်လာနိုင်ကြောင်း စမတ်ဖုန်းဈေးကွက်လေ့လာသူများက သုံးသပ်ထားသည်။ **(အင်တာနက်)**

22-4 (06).pmd 1 4/22/2012, 3:26 AM

ကိုသစ္စာ - စုစည်းသည်

ရုပ်ရှင်မင်းသမီးပက်ဆီယောင် ဇာတ်ညွှန်းရေးသည့် The Scent ဇာတ်ကားပြသမည်

ဆိုးလ် မေ ၂၁

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ပက်ဆီယောင်ကိုယ်တိုင် ဇာတ်ညွှန်း ရေးသားထားသည့် The Scent အမည်ရှိ ဇာတ်ကား မကြာမီထုတ်လွှင့်ပြတော့မည် ဖြစ်ကြောင်း မေ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းဇာတ်ကားတွင်ရုပ်ရှင်မင်းသမီး ပက်ဆီယောင် **(ဝဲပုံ)** ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားပြီး မိမိအနေဖြင့် ဇာတ်ညွှန်းရေးသားရာတွင် မဖွယ်မရာ ဇာတ်ဝင်ခန်းများ လုံးဝမပါရှိကြောင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် သူမက ပြောကြားသည်။

The Scent ဇာတ်ကားကို ဒါရိုက်တာ ကင်ဟွန်ဂျွန်က ရိုက်ကူးထားပြီး ရုပ်ရှင်မင်းသား ပက်ဟီဆွန်းနှင့် ရုပ်ရှင်မင်းသမီး ပက်ဆီယောင်တို့က ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားခြင်း ဖြစ်သည်။ ၎င်းဇာတ်ကားသည် တေးဂီတ၊ အချစ်၊ လူမှုရေးနှင့်ရာဇဝတ်မှုများပါရှိသော ဇာတ်ဝင်ခန်းများဖြင့် ပရိသတ်နှစ်သက်မှုဖြစ်စေရန် ရိုက်ကူးထားခြင်းဖြစ်ကြောင်း ဒါရိုက်တာ ကင်ဟွန်ဂျွန်က ပြောကြားသည်။

သရုပ်ဆောင်ထား

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ပက်ဆီယောင်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း မကြာမီက အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော The Greatest love ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

ရုပ်ရှင်မင်းသမီးပက်ဆီယောင်သည် တောင်ကိုရီးယားနိုင်ငံ စတော့ရှယ်ယာပွဲစား ပက်ဆန်ဟန်နှင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ဆိုးလ်မြို့ရှိ ဆိုးလ်ဟက်ဟိုတယ်တွင် လက်ထပ်ခဲ့သည့် အိမ်ထောင်ရှင် ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားဒါရိုက်တာနှစ်ဦး၏ ရုပ်ရှင်ဇာတ်ကားများ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ဆန်ခါတင်ရွေးချယ်ခံရ

ပါရီ မေ ၂၁

ပြင်သစ်နိုင်ငံ ပါရီမြို့၌ လာမည့် မေ ၁၆ ရက်မှ ၂၇ ရက် အထိကျင်းပမည့် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် တောင်ကိုရီးယား ဒါရိုက်တာနှစ်ဦး၏ ရုပ်ရှင်ကား နှစ်ကားမှာ နောက်ဆုံး ဆန်ခါတင်အဆင့်သို့ ရွေးချယ်ခံရကြောင်း ကိန်းစ်ရုပ်ရှင် ပွဲတော်ကျင်းပရေးကော်မတီမှ မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရုပ်ရှင်ကားများမှာ ဒါရိုက်တာ အင်ဆန်ဆိုးရိုက်ကူးခဲ့သည့် Taste of Money ဇာတ်ကားနှင့် ဒါရိုက်တာဟောင်ဆန်ဆိုး ရိုက်ကူးခဲ့သည့် In Another Country ဇာတ်ကားများဖြစ်သည်။ **(အပေါ်ပုံ)**

မကြာမီကျင်းပမည့် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ အာဖရိက၊ လက်တင်အမေရိက၊ အာရှ ဥရောပနှင့်မြောက်အမေရိကတို့မှ ဒါရိုက်တာများ ရိုက်ကူးထားသည့် ရုပ်ရှင်ကားပေါင်း ၁၇၀၀ ခန့်မှ နောက်ဆုံးဆန်ခါတင်ရုပ်ရှင်ကား ၂၂ ကားကို ကိန်းစ်ရုပ်ရှင်ပွဲတော်၏ ရုပ်ရှင်ကား စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ကိန်းစ်ရုပ်ရှင်ပွဲတော်၌ အီတလီဒါရိုက်တာ နန်နီမိုရက်ဆီက အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။ သူသည် ၂၀၀၁ ခုနှစ်က The Son's Room ဇာတ်ကားဖြင့် Palme d'or ဆုရရှိခဲ့သူဖြစ်သည်။ ကိန်းစ်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် The Artist ဇာတ်ကားဖြင့်ပြသကာ အခမ်းအနားကျင်းပမည်ဖြစ်သည်။ **(အင်တာနက်)**

အသက်အရွယ်ရလာပြီဖြစ်သော ဂျက်ကီချန်း အက်ရှင်ကားများ မရိုက်တော့ဟုဆို

ဟောင်ကောင် မေ ၂၁

ဟောင်ကောင်ရုပ်ရှင်မင်းသားဂျက်ကီချန်းသည် သူ၏နောက်ဆုံး အက်ရှင်ဇာတ်ကားဖြစ်သည့် Chinese Zodiac ရုပ်ရှင်ကားကို သူ၏မွေးနေ့၌ ပြသခဲ့ကြောင်း မေ ၂၀ ရက်က အင်တာနက် သတင်း၌ ဖော်ပြသည်။

*အသက် ၅၈နှစ်ရှိပြီဖြစ်သော ဂျက်ကီချန်း **(ယာပုံ)**သည် ပြီးခဲ့သည့် မေ ၇ရက်က အသက် ၅၈ နှစ်ပြည့်ခဲ့ပြီဖြစ်ရာ အထူးဖိတ်ကြားထားသော ဧည့်သည် ၅၀၀ တို့အား သူ့အနေဖြင့် အကောင်းဆုံးနှင့် နောက်ဆုံး အက်ရှင်ဇာတ်ကားအဖြစ် ယင်းရုပ်ရှင် ကားကိုပြသခဲ့ခြင်းဖြစ်သည်။*

အဆိုပါ ဇာတ်ကားသည် ရုပ်ရှင်မင်းသားဂျက်ကီချန်း၏ ရုပ်ရှင်ကား၁၀၀ပြည့်သည့် ဇာတ်ကားလည်းဖြစ်သည်။ ၎င်းဇာတ်ကားတွင် ဂျက်ကီချန်းသည် အထိုးအကြိတ်များ ပါဝင်ရိုက်ကူးသော ဇာတ်ဝင်ခန်းများကို နောက်ဆုံးအနေဖြင့် သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အသက်အရွယ်ရလာပြီဖြစ်သော ရုပ်ရှင်မင်းသားဂျက်ကီချန်းသည် အက်ရှင်ဇာတ်ကားများကို ရိုက်ကူးတော့မည်မဟုတ်ကြောင်း၊ အခြားဇာတ်ကားများကိုသာ ရိုက်ကူးတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ Chinese Zodiac ဇာတ်ကားကို လာမည့်ဒီဇင်ဘာ၌ ရုံတင်ပြသမည်ဖြစ်သည်။ ***(အင်တာနက်)***

ကောင်းမြတ်သူ - စုစည်းသည်

ဂျပ်စတင်ဘီဘာနဲ့ ဆီလီနာဂိုမက်ဇ်တို့ စေ့စပ်တော့မှာလား

လော့စ်အိန်ဂျလိစ် မေ ၂၁

ကနေဒါလူငယ်အဆိုတော်လေး ဂျပ်စတင်ဘီဘာနဲ့ အမေရိကန်အဆိုတော်မလေး ဆီလီနာဂိုမက်ဇ်တို့ကို ချစ်သူစုံတွဲတွေလို့ ပရိသတ်တွေက သိနေတာတော့ကြာပါပြီ။ ဒါပေမယ့် သူတို့စုံတွဲဟာ တရားဝင်စေ့စပ်ထားသလား၊ မစေ့စပ်သေးဘူးလားဆိုတာကတော့ ဘယ်သူမှ မသိကြပါဘူး။ ဒါပေမယ့်လည်း ဂျပ်စတင်ဘီဘာရဲ့တီးဝိုင်း မန်နေဂျာ စကူတာဘရွန်းကသူတို့စုံတွဲဟာ စေ့စပ်ထားခြင်း မရှိသေးဘူးလို့တရားဝင် ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ **(ဝဲပုံ)**

ယခုမှ ဂျပ်စတင်ဘီဘာရဲ့ အသက်က ၁၈ နှစ်၊ သူ့ကောင်မလေးဆီလီနာဂိုမက်ဇ်ရဲ့အသက်က ၁၉ နှစ်ပဲရှိပါသေးတယ်။ သူတို့စုံတွဲကို ဝါသနာချင်းကလည်းတူ၊ အသက်ချင်းကလည်းမကွာနေနဲ့လရွှေနဲ့မြလို့ ပရိသတ်တွေက တင်စားပြောဆိုကြပါတယ်။ တကယ်လည်း လိုက်ဖက်ညီတဲ့အတွဲလေးပါပဲ။

သူတို့စုံတွဲဟာ စေ့စပ်ထားခြင်း မရှိကြသေးသော်လည်း စေ့စပ်လက်စွပ် တွေဝယ်ဖို့ Shopping ထွက်ကြတယ်လို့ The Sun Times သတင်းဂျာနယ်က ရေးသားဖွင့်ချခဲ့ပါတယ်။ ဒီလိုရေးသားဖော်ပြခဲ့တဲ့အတွက် သူတို့စုံတွဲရဲ့ စေ့စပ်လက်ထပ်ကိစ္စဟာ ပြီးခဲ့တဲ့ မေ ၂၀ ရက်က Twitter ဝက်ဘ်ဆိုက်မှာ ဟိုးလေးတကျော် ဖြစ်ခဲ့ပါတယ်။

အထူးစိတ်ဝင်စား

အဆိုတော် ဂျပ်စတင်ဘီဘာဟာ BeLieve လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇွန် ၁၉ ရက်မှာ ထွက်ဖို့ရှိပါတယ်။ ဒီမတိုင်မီ သူတို့စုံတွဲ စေ့စပ်ပွဲလုပ်ကြမလားလို့ ပရိသတ်တွေက အထူးစိတ်ဝင်စားနေကြပါတယ်။ **(အင်တာနက်)**

အဆိုတော်တေလာဆွစ် ဒရာမာကားရိုက်တော့မည်

လော့စ်အိန်ဂျလိစ် မေ ၂၁

ကမ္ဘာကျော် ကန်းထရီးအဆိုတော်တေလာဆွစ်ဟာ ဂီတလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။ သူမဟာ ဂီတဘက်မှာသာမက သရုပ်ဆောင်ဘက်မှာလည်း အောင်မြင်စပြုလာတဲ့ သရုပ်ဆောင်ဖြစ်ပါတယ်။ သူမဟာ Girls Like Us လို့အမည်ရတဲ့ ဒရာမာကားတစ်ကားမှာ သရုပ်ဆောင်ဖို့ ရှိပါတယ်။ **(အပေါ်ပုံ)**

အဆိုတော် တေလာဆွစ်ဟာ ဒီဒရာမာကားမှာ ဂန္ထဝင်သီချင်းရေးဆရာမ ဂျိုနီမစ်ချယ်အဖြစ် သရုပ်ဆောင်မယ်လို့ သိရပါတယ်။

ဒီဒရာမာကားဟာ အဆိုတော်တေလာဆွစ်ရဲ့ တတိယမြောက်ရုပ်ရှင်ကားဖြစ်ပါတယ်။ သူမဟာ ၂၀၁၀ ခုနှစ်က Valentime's Day လို့ အမည်ရတဲ့ ဇာတ်ကားနဲ့ ရုပ်ရှင်လောကထဲ စတင်ဝင်ရောက်ခဲ့သူဖြစ်ပါတယ်။

အဆိုတော် တေလာဆွစ်ယခုရိုက်ကူးမယ့် Girls Like Us ဒရာမာကားဟာ တေးရေးတေးဆို အဆိုတော်ဂျိုနီမစ်ချယ်ရဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ ဘဝအကြောင်း ရိုက်ကူးမယ့်ကားဖြစ်ပါတယ်။ ဂျိုနီမစ်ချယ်ဟာ ယခုအခါမှာတော့ အသက် ၆၈ နှစ်ရှိနေပါပြီ။ သူမဟာ Case of You လို့ အမည်ရတဲ့တေးအယ်လ်ဘမ်နဲ့ ကမ္ဘာကျော်ခဲ့တဲ့ အဆိုတော်ကြီးဖြစ်ပါတယ်။ **(အင်တာနက်)**

ဗြိတိသျှအမျိုးသမီးအဆိုတော်များ Ivor Novello ဂီတဆုဆွတ်ခူးရန် ရေပန်းစား

လန်ဒန် မေ ၂၁

လာမယ့်လမှာ ဗြိတိန်နိုင်ငံမှာ ကျင်းပမယ့် Ivor Novello ဂီတဆုပေးပွဲမှာ အဒေလီ၊ ကိတ်ဘွတ်ရှ်နဲ့ ပီဂျေဟာဗေးတို့ဟာ အကောင်းဆုံးအယ်လ်ဘမ်ဆု ဆွတ်ခူးမယ်လို့ ဆန်ခါတင်စာရင်းထွက်ပေါ်လာပါတယ်။ ***(အောက်ယာပုံ)***

ရွေးချယ်ပေး

ဒီဆုအတွက် အမျိုးသမီးသုံးဦးစလုံး ယခုလိုအကောင်းဆုံးအယ်လ်ဘမ်ဆု ဆွတ်ခူးနိုင်ရန် ဆန်ခါတင်ရွေးချယ်ခံရတာပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အဆိုတော်အဒေလီက Rolling in the Deep သီချင်းနဲ့ Someone Like you လို့ အမည်ရတဲ့ သီချင်းနှစ်ပုဒ်နဲ့အကောင်းဆုံး သီဆိုဖျော်ဖြေမှုဆုဆွတ်ခူးဖို့ ရေပန်းစားနေပါတယ်။ Rolling in the Deep သီချင်းဟာ ဒီနှစ်ဗြိတိန်နိုင်ငံမှာ အကောင်းဆုံးသီချင်းအဖြစ် ရေပန်းစားနေပါတယ်။ Ivor Novello လို့ အမည်ရတဲ့ ဒီဂီတဆုပေးပွဲကိုတော့ လာမယ့်မေ ၁၇ ရက်မှာ လန်ဒန်မြို့၌ ခမ်းခမ်းနားနားဆုချီးမြှင့်ပေးအပ်မယ်လို့ သိရပါတယ်။ ဆုတွေကိုတော့ သီချင်းရေးဆရာတွေက ဆန္ဒပြုမဲပေးရွေးချယ်ပေးသွားမယ်လို့ ဆိုပါတယ်။

ဗြိတိသျှ အဆိုတော်အဒေလီဟာ 21 လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အောင်မြင်ကျော်ကြားနေတဲ့ အဆိုတော်တစ်ယောက်ဖြစ်ပါတယ်။ သူမဟာ ဒီအယ်လ်ဘမ်မှာ ကိုယ်တိုင်ရေး သီချင်းအတော်များများပါပါတယ်။ ဒီအတွက် သူမအကောင်းဆုံးဆုရဖို့ ရေပန်းစားနေတာလည်းဖြစ်ပါတယ်။

အဆိုတော် ပီဂျေဟာဗေးကလည်း ဒီနှစ်ထဲမှာ မာကျူရီဂီတဆုဆွတ်ခူးခဲ့တဲ့ အဆိုတော်ပါ။ သူလည်း ဆုရဖို့မျှော်မှန်းထားပါတယ်။ အဆိုတော် ကိတ်ဘွတ်ကတော့ 50 Words လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ အကောင်းဆုံးအယ်လ်ဘမ်ဆုဆွတ်ခူး ဖို့ ရေပန်းစားနေပါတယ်။ သူမဟာ ဒီအယ်လ်ဘမ်ထဲမှာ သီချင်းခုနစ်ပုဒ်ကိုယ်တိုင် ရေးသားထားပါတယ်။ ***(အင်တာနက်)***



22-4 (07).pmd 1 4/22/2012, 3:26 AM

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်
ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂၁

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ညောင်ပင်ကြီး ဇက်ကူးတို့ဆိပ်၌ကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲသို့တက်ရောက်၍ ရွှေဝါငါးကြင်း သားပေါက်များ အပါအဝင် ငါးမျိုးကောင်ရေ ၅၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်း လွှတ်ပေးကြသည်။

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက ဘိုးဘွားများအား ဂါရဝပြုကန်တော့ကြရာ အဘိုးဦးညဏ်အောင်က ဆုတောင်းမေတ္တာပို့သခဲ့သည်။

ယနေ့အခမ်းအနားတွင် (၇၈) နှစ်အထက် အဘိုး(၂၀)၊ အဘွား (၂၇)ဦး စုစုပေါင်း (၄၇)ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြရာ လှူဒါန်းမှုစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၂၂၅၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်လံမြို့နယ်၌ စာကြည့်တိုက်ဖွင့်

အောင်လံ ဧပြီ ၂၁

အောင်လံမြို့နယ် ရွာမထုံးကျေးရွာ ပြည့်ဖြိုးအောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ညီမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအေးဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် အခမ်းအနားတွင် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာပင် ငွေကျပ် ၃၂၅၀၀၀ နှင့် ငွေကျပ် ၁၆၅၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ်စာစောင်များ၊ တီဗွီနှင့် စကိုင်းနက်ရုပ်သံ တစ်စုံ၊ ဗီရိုတစ်လုံးနှင့် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၁၁၉)**

အာရှအလေးမအဖွဲ့ချုပ်ကွန်ဂရက်သို့ တက်ရောက်ရန် အလေးမအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ကိုရီးယား သမ္မတနိုင်ငံ Pyeongtack မြို့၌ ဧပြီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှအလေးမအဖွဲ့ချုပ် ကွန်ဂရက်အစည်းအဝေးသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်း ခေါင်းဆောင်သော မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးအောင်ချစ်၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဆရာဝန် ဒေါက်တာမြလေးစိန်တို့ လည်းလိုက်ပါသွားသည်။ **(အပေါ်ဝဲပုံ)**

အာရှအလေးမအဖွဲ့ချုပ် ကွန်ဂရက်နှင့်အတူကျင်းပမည့် အာရှအလေးမ တံခွန်စိုက်ပြိုင်ပွဲတွင် ဦးမြင့်ဆွေနှင့် ဒေါက်တာမြလေးစိန်တို့က Technical Official များ အဖြစ် ဧပြီ ၃၀ ရက်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၄၀	**ဘယ်မှာနေပြီး ဘယ်လိုသေကြမလဲ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၅၉)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၁၃)
၁၀း၀၅	APC မှကြီးမှူးကျင်းပသော နိုင်ငံတကာပညာရေးဆွေးနွေးပွဲ
၁၁း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၁၉)
၁၂း၀၀	ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲ ကျုံတနီးကျေးရွာ နေဖြူမြို့နယ်
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဈေးဝယ်လမ်းညွှန် (Crown Electronic)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၁၃)
၅း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၀)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (ဇာတ်သိမ်းပိုင်း)
၇း၃၀	ရန်ကုန်မြင်ကွင်းကျယ် (ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၁၈)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများ) (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဗီဒီယိုပြခန်း
၁၁း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၁၄)
၂း၂၅	ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်...
၄း၅၀	ရွှေကျင်မြေတွင်တည်ထားပူဇော်ဆံတော်ရှင်အရှေ့မဟာ ဗုဒ္ဓဘုရားကြီး(ခေါ်)မွေတော်မွန်ဓရာဇ်စေတီတော်

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၅၅	Man U - Everton	(ESPN)
၈း၂၅	Liverpool - West Brom	(ESPN)
၈း၂၅	Wolves- Man City	(Star Sports)(MRTV-4)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

➤ ➤ အာကာဟိန်း-ရေးသားသည် ➤ ➤

နယူးကာဆယ်တို့ အိမ်ကွင်း၌အနိုင်ရ စပါးတို့ ကျူပီအာကို ရှုံးနိမ့်

လန်ဒန် ဧပြီ ၂၁

ပရီမီယာလိဂ်ပွဲစဉ် (၃၅)ကို ဧပြီ ၂၁ ရက်က ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်နှင့် စတုတ်တို့ပွဲတွင် နယူးကာဆယ်က သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ အိမ်ရှင် နယူးကာဆယ်တို့အိမ်ကွင်း၌ ဖိဖိစီးစီးကစားခဲ့ရာ ပွဲချိန် ၁၄ မိနစ်၌ပင် ကာဘာရီက နယူးကာဆယ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အောက်ပုံ)** ဆက်လက်ပြီး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၁၈ မိနစ်၌ ဆစ်ဆေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း ပွဲချိန်အပြီး နယူးကာဆယ်တို့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း စတုတ်တို့ ချေပဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ၅၇ မိနစ်၌ ကာဘာရီကပင် နယူးကာဆယ်အတွက် တတိယမြောက် ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ စတုတ်တို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် နယူးကာဆယ်တို့ သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဘော်လ်တန်နှင့် ဆွမ်ဆီးအသင်းတို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရသည်။ ဖူလ်ဟမ်နှင့်ဝီဂန်တို့ပွဲတွင် အိမ်ရှင်ဖူလ်ဟမ်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

တစ်ဖန် ဘလက်ဘန်းနှင့် နော့ဝှစ်တို့ပွဲတွင် ဘလက်ဘန်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဘလက်ဘန်းတို့က အဆုံးသတ် ဂိုးသွင်းခွင့်များကို ပိုင်ပိုင်နိုင်နိုင် အသုံးချခဲ့သဖြင့် ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။ ကျူပီအာက စပါးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

သစ်ခွဲစက်မှ ဆူညံသံ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ကယားပြည်နယ် လွိုင်ကော်မြို့ လောဗမ္မရပ်ကွက် အုပ်စု(၂) တောင်ဇလပ်လမ်း ရတနာသီရိတောင်ခြေရှိ သစ်ခွဲစက်တစ်ခုသည် နေ့စဉ်နှင့်အမျှ မိုးလင်းချိန်မှ မိုးချုပ်သည်အထိ သစ်လုံးကြီးများကို ခွဲစိတ်ဖြတ်တောက်လျက်ရှိရာ အဆိုပါသစ်ခွဲစက်မှ ထွက်ပေါ်လာသော ဆူညံသံများသည် ပတ်ဝန်းကျင်တွင် နေထိုင်သူများကို စိတ်အနှောင့်အယှက်ဖြစ်စေပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

သားသတ်လုပ်ငန်း ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ မောင်ငံရပ် ကွင်းကျောင်းလမ်းရှိ နေအိမ်တစ်အိမ်တွင် သားသတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါသားသတ်လုပ်ငန်းကို လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ပလက်ဖောင်းပေါ် ကျူးကျော်သူများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဗိုလ်ကံညွှန့်ရပ်ကွက် ဇဗ္ဗူဒိပ်လမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ အများပြည်သူအသုံးပြုနေသော ပလက်ဖောင်းပေါ်တွင် တရားမဝင်ကျူးကျော်၍ ကွမ်းယာရောင်းခြင်း၊ အိပ်စက်ခြင်းတို့ကြောင့် လမ်းအသုံးပြုသူများမှာ လမ်းမပေါ်ဆင်းလျှောက်နေရကာ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းလိုသူ

လူနေအိမ်များအကြားမှ ကြက်မွေးမြူရေးခြံများ ရွှေ့ပြောင်းပေးစေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာအုပ်စု၌ လူနေအိမ်များအကြား ကြက်မွေးမြူရေးခြံများ ဆောက်လုပ်မွေးမြူလျက်ရှိရာ ၎င်းကြက်ခြံများမှ အနံ့ဆိုးများထွက်ပေါ်နေပြီး ကျေးရွာနေပြည်သူများမှာ ၎င်းအနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေးများ ထိခိုက်ရပါသောကြောင့် အဆိုပါကြက်ခြံများအား လူနေအိမ်များနှင့်ဝေးရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူ

သက်ကြီးအဘိုးအဘွားများ ပူဇော်ပွဲ သုံးခွ၌ ကျင်းပ

သုံးခွ ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးက ကြီးမှူးကျင်းပသော အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများပူဇော်ပွဲကို ဧပြီ ၁၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သက်ကြီးအဘိုးအဘွား (၉၇)ဦးအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက် (၁၂) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**

တောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့်ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့်မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဘော်လခဲမြို့တွင် ၀ ဒသမ ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း မှုခင်းသတင်း

အမှိုက်သယ်ကား ဘရိတ်ပေါက်၍ တိမ်းမှောက်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးအနီး ပြည်ထောင်စု မီးရထားခုံးကျော်တံတားထိပ် စံပြဈေးဘက်အဆင်းဘက်ခြမ်း၌ ဧပြီ ၂၁ ရက် နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာ အမှိုက်သိမ်းကားတစ်စီး အမှိုက်အပြည့်တင်ဆောင်၍ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

တိမ်းမှောက်

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း သန့်ဇင်ထွန်းသည် ၇ခ/----နီဆန်း အမျိုးအစား စည်ပင်သာယာ အမှိုက်သိမ်းကားကို အမှိုက်များအပြည့်တင်ဆောင်၍ လေးဒေါင့် ကန်လမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ (ဘ၀မြင့်ဘက်မှ ၃၉ ကားကြီးဂိတ်ဘက်သို့) မောင်းလာခဲ့သည်။ ထို့နောက် ပြည်ထောင်စုမီးရထားခုံးကျော်တံတားပေါ်သို့အရောက်တွင် ကားမှာဘရိတ်ပေါက်ပြီး နောက်ပြန်လိမ့်ဆင်းကာ နောက်ဘက် တစ်ဖက်ယာဉ်ကြောကားလမ်းနှင့် လူသွားလမ်း ပလက်ဖောင်းကိုပါ အရှိန်ဖြင့်ဖြတ်ကျော်၍ စံပြဈေးဘက်အဆင်း တံတားထိပ် စံပြ/စီမံကိန်းရပ်ကွက်(၁)လမ်း လူနေအိမ်များရှေ့တွင် နောက်ဘီးတစ်စုံကျွတ်ထွက်ကာ တိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)**

အမှိုက်သိမ်းယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းမှာ ဦးခေါင်းဒဏ်ရာရရှိ၍ စံပြဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရကြောင်း သိရှိရသည်။ **(၀၂၅)**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ တစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ် မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပြီး အခြားသူများ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း သိရှိရသည်။

ဧပြီ ၂၀ရက် နံနက် ၅နာရီ မိနစ် ၂၀ခန့်တွင် မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မူဆယ်မှ လားရှိုးအထွက် ယာဉ်ငယ်စစ်ဆေးရေးဂိတ်၌ ၎င်းဂိတ်တာဝန်ကျ ဝန်ထမ်းဖြစ်သူ ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး ဦးကြည်ထွန်းသည် တာဝန်ထမ်းဆောင်စဉ် ၎င်း၏နောက်ကျောဘက်(၄) ပေခန့်အကွာ မြေကြီးအတွင်း မြှုပ်ထားသည့် ဒေသန္တရလက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲရာမှ ဦးကြည်ထွန်း၏ ဦးခေါင်းယာဘက်ခြမ်းတွင် မိုင်းစများထိမှန်ဒဏ်ရာရကာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ အခြားဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ Woo-kee တံဆိပ်ပါ အဖြူရောင် ကြားခံချုပ်နှင့်တွဲလျက် ပါဝါတံဆိပ်ခေတ်ခဲ (၈)လုံးနှင့် ဘောစေ့များ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတိပေးနှိုးဆော်

အကြမ်းဖက် သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေ ဒဏ်ရာရရှိစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် မိုင်းထောင်ခြင်း အပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကင်ဆာ - ဆိုတာ

ဒေါက်တာကံညွန့်

အသက် (၆၀) ပင်စင်ယူကြသည်အထိ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ သူငယ်ချင်း ဆရာဝန်ကြီး။ ပင်စင်ယူပြီး ချက်ချင်း နိုင်ငံခြားမှာ အလုပ်ရတယ်ဆိုပြီး ထွက်သွား၊ တစ်နှစ်တစ်ခါ ပြန်လာတော့မှ တစ်ခါဆုံ၊ ဆုံတဲ့အခါတိုင်းလည်း အပေါင်းအသင်းတွေနဲ့ သောက်စားနေလာခဲ့ကြတာ လေးနှစ်မြောက်ပြီ၊ ဒီနှစ်ပြန်လာတော့ သူငယ်ချင်းက ဟက်ဟက်ပက်ပက် မရှိသလို တစ်မျိုးကြီး၊ သူ့ကိုကြည့်လိုက်တော့လည်း သူ့ပုံက ဖြူဖပ်ဖြူရော်နဲ့ နည်းနည်းပိန်သွားသလိုရှိနေ။ ဒါနဲ့ နေကောင်းရဲ့လား သူငယ်ချင်း၊ မင်းကြည့်ရတာ တစ်မျိုးကြီးပဲဆိုတော့ ငါဘာမှ မဖြစ်ပါဘူးကွာ။ နေလို့လည်းကောင်းပါတယ်တဲ့။ ဒါနဲ့ မင်းဟိုမှာ Medical Check Up တွေ ဘာတွေကော လုပ်ရဲ့လားမေးတော့ ငါဘာမှမဖြစ်တော့ ဘာမှမလုပ်ဘူးပေါ့ကွာတဲ့။

ဒါနဲ့ ဒီမှာကြုံတုန်း ဓာတ်မှန်လေး ဘာလေးရိုက်ပြီး သွေးလေးဘာလေး စစ်ကြည့်ပါဦးကွာ။ ဒီမှာလည်း စစ်လို့ရနေတာပဲဆိုပြီး စာရေးသူရှိရာ ဆေးရုံမှာ ဆေးစစ်ကြည့်လိုက်တယ်။ အရင်ဆုံး ရင်ဘတ်ဓာတ်မှန်ရိုက်လိုက်တယ်ဆိုရင်ပဲ အဆုတ်ထဲမှာရှိတဲ့ အဝိုင်းလေးက ထင်းထင်းလေးပေါ်နေပြီး ဓာတ်မှန်ဆရာဝန်ကြီးက ဆရာဝန်အသုံးအနှုန်းနဲ့ Canon Ball ပဲ ဆရာရေ၊ ကင်ဆာလို့ပဲ ထင်တယ်တဲ့။ (Canon Ball ဆိုတာ ရင်ဘတ်ဓာတ်မှန်မှာ အဆုတ်ကင်ဆာအလုံးလေးကို မြင်ရတဲ့ပုံပါ) ကျွန်တော်တို့တွေအားလုံး မျက်လုံးပြူးရပါတော့တယ်။ ဒါနဲ့ သွေးစစ်ကြည့်လိုက်တော့ သွေးအား (ဟေမိုဂလိုဘင်)လည်း နည်းနေပြီး CEA ခေါ်တဲ့ Carcinogenic Embryonic Antigem ကင်ဆာရောဂါရှင်တွေမှာရှိတတ်တဲ့ သွေးထဲက ဓာတ်တစ်ခုကလည်း သာမန်ထက်များနေတော့ သူ့မှာကင်ဆာဆိုတာ သေချာသလောက်ဖြစ်နေပြီ။

ကိုယ့်ကိုယ်ကို လူကောင်း၊ ဘာမှမဖြစ်ဘူးလို့ ထင်ခဲ့တဲ့ ဆရာဝန်ကြီးက အခုတော့ ကင်ဆာဝေဒနာရှင်ကြီးဖြစ်ခဲ့ပြီ။ ဒါကတစ်ယောက်။ ကဲ-နောက်တစ်ယောက်၊ နောက်တစ်ယောက်ကလည်း ဆရာဝန်ကြီးပဲ၊ သူလည်း ကိုယ့်ကိုယ်ကို ဘာမှမဖြစ်ဘူးလို့ ထင်နေသူ၊ ကျန်းမာလှပြီလို့ ထင်နေသူ။ တစ်နေ့တော့ ဝမ်းထဲမှာ သွေးနည်းနည်းပါတာကလွဲပြီး ဘာမှမဖြစ်။ အစားအသောက်လည်း မပျက်၊ ဝမ်းလည်း မပျက်၊ ကိုယ်လက်လှုပ်ရှားမှုလည်း နေ့စဉ် ပုံမှန်လုပ်လျက် နေနိုင်ခဲ့သူ။

အဲဒီဝမ်းမှာ သွေးကလေးနည်းနည်းပါပြီး နောက်နေ့တွေမှာလည်း အကောင်း၊ သွေးက ဆက်တိုက်ပါနေတာလည်း မဟုတ်ဘူးနော်။ ဒါပေမယ့် သွေးပါဖူးတယ်ဆိုတဲ့ စိတ်နဲ့ပဲ မှန်ပြောင်းကြည့်တဲ့ ဆရာဝန်ကြီးဆီ သွားပြလိုက်တာ အူမကြီးမှာ အလုံးရှိနေပြီတဲ့။ တယ်လီဗွီလ်ရှင်းကင်မရာနဲ့ရိုက်ပြီး ပြလိုက်တယ်။ တစ်ခါတည်း Biopsy လည်း လုပ်လိုက်တယ်။ သုံးလေးရက်ကြာတော့ အဖြေထွက်လာတယ်။ အူမကြီးကင်ဆာတဲ့ မှတ်ကရော။

ဒါရိုးရိုးလူတွေ မဟုတ်ဘူးနော်။ ဆရာဝန်ကြီးတွေ ကျန်းမာရေးအတွက် အသက်အရွယ်အလိုက် ဘယ်လိုဆေးစစ် ဘာစစ် လုပ်သင့်တယ်ဆိုတာ သူများကိုညွှန်နေရတဲ့သူတွေ။ ကိုယ့်ကိုယ်ကိုတော့ မလုပ်ခဲ့ဘူး။ ကိုယ်လည်း လူထဲက လူပဲဆိုတာ မေ့နေခဲ့ကြတာ။ ခုတော့ ကင်ဆာဆိုတဲ့ ရောဂါကြီးက ငြိုဟ်မွေလိုက်ပြီ။

အေးလေ ကင်ဆာဆိုတာကလည်း လူအယောက် ၁၀၀ မှာ လေးယောက် ဖြစ်နေတဲ့ ရောဂါဆိုတော့၊ အဲဒီ လေးယောက်ထဲမှာ ကိုယ်မပါဘူးလို့ ဘယ်ပြောနိုင်မလဲ။ ကိုယ်မပါဖို့ဘဲ ဆုတောင်းရတော့မှာပေါ့။

ကင်ဆာဆိုတာ ဘယ်လိုလက္ခဏာနှင့် ဘယ်လိုသိနိုင်လဲလို့ မေးလာရင် ပြောရခက်နေပြီ။ အများအားဖြင့် ဆေးလိပ်သောက်သူတွေမှာ အဆုတ်ကင်ဆာဖြစ်တတ်တယ်လို့ လူသိများနေတာ၊ တစ်သက်လုံး ဆေးလိပ်ဆို အနံ့တောင် မရှုခဲ့ဖူးသူကလည်း အဆုတ်ကင်ဆာဖြစ်နေပြီး အတိုကောက် (LC INS) Lung Cancer In Never Smoker တဲ့။ ဆေးပညာရှင်တွေမှာ ခေါင်းစဉ်တစ်ခုတပ်ပြီး လမ်းစရှာခဲ့ရပြီ။ သာမန် အဆုတ်ကင်ဆာက လူတစ်သိန်းမှာ ယောကျာ်းဆိုရင် ၁၀၀၊ မိန်းမဆိုရင် ၅၅ ဦးသာဖြစ်နိုင်တာ။ ဆေးလိပ်လုံးဝမသောက်သူတွေမှာတော့ လူတစ်သိန်းမှာ ၆/၇ ယောက်လောက်ပဲ ဖြစ်တတ်တာတဲ့။ တချို့ကိုယ်တိုင်ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်သောက်သူတွေနဲ့ တစ်ခန်းတည်း၊ တစ်အိမ်တည်း အတူနေသူတွေနဲ့၊ တချို့ကတော့ ဓာတုစက်ရုံတွေမှာ အလုပ်လုပ်နေရသူတွေ၊ မီးခိုးငွေ့တွေ ရှူရသူ တွေနဲ့ Gene ခေါ် မျိုးရိုးဗီဇကြောင့် ဖြစ်ရသူတွေလို့ သိရပါတယ်။

အဆုတ်ကင်ဆာအကြောင်းပြောတုန်းပဲ မြန်မာနိုင်ငံအကြောင်း အထူးစိတ်ဝင်စားခဲ့တဲ့ ချက်သမ္မတနိုင်ငံက သမ္မတကြီး ဗားကလပ်ဟာဗဲလ်ဟာလည်း အသက်(၇၅)နှစ်မှာ ကွယ်လွန်ခဲ့ပါပြီ။ သူကွယ်လွန်ရတဲ့ရောဂါက အဆုတ်ကင်ဆာပါ။ သူဟာ နာမည်ကျော် ပြဇာတ်ရေးဆရာတစ်ဦးဖြစ်ပြီး ငယ်စဉ်ကပဲ ဆေးလိပ်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်ခဲ့သူလို့ ဆိုပါတယ်။ အရက်သောက်တဲ့ လူတွေမှာပဲ အသည်းရောင်၊ အသည်းကျုံ့ပြီး အသည်းကင်ဆာဖြစ်တတ်တယ်ထင်နေတာ၊ အရက်လုံးဝမသောက်သူတွေမှာလည်း အသည်းကင်ဆာဖြစ်နေပြီ။

ဒါကြောင့် ဆရာဝန်တွေမှာလည်း ပြောရခက်နေပြီ။ ဘယ်လောက်ပဲ ကျန်းမာနေနေ အသက်အရွယ်အလိုက် လုပ်သင့်တာ လုပ်ကြည့်သင့်တယ်လို့ပဲ အကြံပြုချင်ပါတယ်။ ဆေးစစ်တယ်ဆိုတာလည်း အကုန်အကျကများတော့ ငွေကြေးတတ်နိုင်သူတွေအတွက် မထောင်းသာလှပေမယ့် မတတ်နိုင်သူတွေမှာတော့ ကံအကြောင်းတရားလို့ပဲ ထားရတော့မယ်။

တိုးတက်တဲ့နိုင်ငံတွေမှာတော့ လူတွေကလည်း ကျန်းမာရေးပညာ အသိရှိကြ၊ စမ်းသပ်မယ့် ပစ္စည်းကိရိယာတွေကလည်း စုံလင်ခေတ်မီနေတော့ ရောဂါကို စောစောသိနိုင်ကြတယ်။ ဆေးပညာရှင်တွေကလည်း ကင်ဆာဆိုတာ ဘယ်လိုတိုက်ဖျက်ရမလဲ အမျိုးမျိုးစမ်းနေကြပြီ။ ကင်ဆာနှင့် ပတ်သက်တဲ့ မျိုးရိုးဗီဇ Gene ကို စမ်းတဲ့လူတွေကစမ်း။ ကုထုံးတွေကိုပဲလိုက်ပြီး လေ့လာသူတွေက လေ့လာနေကြတာ အားတက်စရာပါပဲ။ အခုဆိုရင် Gene နှင့် ပတ်သက်ပြီး ကုထုံးတွေရှိလာပြီ။ Genetic Engineering တွေလုပ်ပြီး တချို့ကင်ဆာတွေကိုလည်း ကာကွယ်နိုင်ပြီ။ Target Therapy ဆိုပြီး ကင်ဆာဆဲလ်တွေကိုသာ သေစေပြီး ဘေးက Tissue အကောင်းတွေ မထိခိုက်နိုင်တဲ့ကုထုံးတွေ ပေါ်လာပြီ။

စမ်းသပ်မှုဆိုရင်လည်း ကိုယ်ခန္ဓာတစ်ခုလုံး ဘယ်နေရာမှာ အလုံးအကျိတ်ရှိနေသလဲ။ ခေါင်းကနေ ခြေအဆုံး ဓာတ်မှန်ရိုက်သလိုသိနိုင်တဲ့ ဓာတ်မှန်ထက်သာလွန်ကောင်းမွန်တဲ့ P.E.T (Positron Emmission Tomography) ဆိုတဲ့ စက်တွေပေါ်နေပြီး ရိုးရိုး CT, MRI(Magnetic Resonance Imaging) တွေထက် သာလွန်နေပြီး ကိုယ်ခန္ဓာထဲက ကင်ဆာပျံ့နှံ့မှုတွေကို သိနိုင်နေပြီ။

ကိုယ့်နိုင်ငံမှာလည်း တချို့ကင်ဆာရောဂါတွေ စောစောသိနိုင်ဖို့ ခေတ်မီ Molecular အဆင့် စမ်းသပ်တဲ့ဓာတ်ခွဲခန်းတွေ ပေါ်နေပြီ။ ယောကျာ်းဆိုရင် အသက် (၅၀)ကျော်အရွယ်လောက်ကပဲ သုံးနှစ်တစ်ခါလောက် အောက်ပါစမ်းသပ်မှုတွေ လုပ်ထားနိုင်ပါတယ်။

(1) PSA (ဆီးကျိတ်ကင်ဆာ) (Prostatic Specific Antigen)
(2) CEA (အစာအိမ်လမ်းကြောင်းကင်ဆာ)
(3) CA 199
(4) CA 125
(5) Anti HBS (အသည်းအတွက်)
Anti HBC
Anti HCV

အမျိုးသမီးဆိုရင် ဒါတွေအပြင်-

(1) Mamogram
(2) Pap Smear (သားအိမ်ခေါင်းကင်ဆာစမ်းသပ်ခြင်း) တို့ ပြုလုပ်နိုင်ပါတယ်။

ဒါတွေကတော့ ထားလိုက်ပေါ့လေ။ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်မှာ ကိုယ့်အတိုင်းအတာနဲ့ လုပ်လို့ရသလောက် ကိုယ့်တိုင်းသူပြည်သားအများစု သိရှိဖို့လောက်တော့ ပြောထားချင်တယ်။ အသက် (၅၀)ကျော်လာရင် Occult Blood Test လို့ခေါ်တဲ့ ဝမ်းထဲမှာ မသိမသာသွေးပါနေလား စမ်းကြည့်ဖို့လိုတယ်။ ဒီလိုစမ်းလိုက်တာနဲ့ အစာအိမ်လမ်းကြောင်း အူ၊ အူမကြီး၊ မစင်အိမ်တို့မှာ ကင်ဆာရောဂါ ရှိ မရှိ တစေ့တစောင်းသိနိုင်တယ်။ အသက် (၅၀)ကျော်ရင် တစ်နှစ်တစ်ခါ လုပ်ကြည့်၊ သွေးပါတာမရှိရင် အစာအိမ်လမ်းကြောင်းမှာ ရောဂါမရှိဖို့ သေချာသလောက်ဖြစ်နေပြီ။ သွေးစတွေ့ရပြီဆိုရင်တော့ အစာအိမ်လမ်းကြောင်း မှန်ပြောင်းကြည့်ဖို့သာ လုပ်တော့။ အဲဒီလိုကြည့်လိုက်လို့ ကင်ဆာမဟုတ်သေးတဲ့ Polyp ဆိုတာတွေ့လည်း တစ်ခါတည်းထုတ်ပစ်လိုက်လို့ရတယ်။ အစာအိမ်လမ်းကြောင်း မှန်ပြောင်းကြည့်လို့ ဘာမှမတွေ့ရဘူးဆိုရင်တော့ နောက် ၁၀ နှစ်လောက်တော့ စိတ်ချလက်ချနေလို့ရပြီ။

ယောကျ်ားတွေမှာ အသက် (၆၀)ကျော်လာရင် ဆီးကျိတ်ကင်ဆာလည်း သတိထားရတယ်။ ဒါလည်း ဆီးသွားတာ ပုံမှန်မဟုတ်ဘဲ ညအခါဆီးကို လေးခါလောက် ထသွားနေရပြီ။ ဆီးကျန်တယ်၊ ဆီးသွားရ ခက်နေတယ်ဆိုရင် သတိထားရတော့မယ်။ ဆီးလမ်းကြောင်းဆရာဝန်ထံ ပြဖို့လိုပါတယ်။

အခုဒီကင်ဆာဆောင်းပါးရေးနေတဲ့အချိန်မှာပဲ ၁၉၇၆ ခုနှစ်ကပဲ Apple Company ကို တည်ထောင်ခဲ့သူ၊ Apple Computer ကို ဈေးကွက်ထဲတင်ပို့နိုင်ခဲ့သူ Steeve Jobs ဆိုသူဟာ အသက်(၅၆)နှစ် အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူကွယ်လွန်ခဲ့ရတဲ့အကြောင်းက pancreas ကင်ဆာလို့ သိရပါတယ်။ သူဟာ ယင်းကင်ဆာရောဂါကို ငါးနှစ်ကြာ ခံစားခဲ့ရပြီးမှ ကွယ်လွန်ခဲ့ရတာပါ။

သူကွယ်လွန်သွားတဲ့အတွက် အမေရိကန်သမ္မတအပါအဝင် ကမ္ဘာ့ခေါင်းဆောင်တွေ၊ Microsoft ကုမ္ပဏီပိုင်ရှင် Bill Gate အပါအဝင် ကမ္ဘာ့လုပ်ငန်းရှင်ကြီးတွေဟာ ဝမ်းနည်းကြေကွဲကြပြီး သူ့လို လူသားတွေအတွက် အကျိုးရှိမယ့် ပစ္စည်းတွေကို တီထွင်နိုင်ခဲ့သူမျိုး နောက်တစ်ယောက် ပေါ်လာနိုင်ဖို့ ခဲယဉ်းလိမ့်မယ်လို့ ပြောနေကြပါတယ်။ ယခု သူကွယ်လွန်ပြီး သူ့ website ထဲမှာ တစ်စက္ကန့်မှာ လူတစ်သောင်းလောက် သူ့အတွက် ဝမ်းနည်းကြောင်း ဖော်ပြနေကြပါတယ်။

သူ့လိုလူတစ်ယောက် ကင်ဆာရောဂါနဲ့ ကွယ်လွန်ရတယ်။ ကွယ်လွန်ရတဲ့နေရာကလည်း ခေတ်မီဆေးပညာတိုးတက်နေတဲ့ အမေရိကန်နိုင်ငံဆိုတော့ တချို့ကင်ဆာရောဂါဟာ ကုသဖို့မလွယ်ဘူးဆိုတာ ထင်ရှားနေပါတယ်။

ကင်ဆာရောဂါဆိုတာ အသက်ရှင်ဖို့အခွင့်အလမ်း မှန်းဆရာမှာ သူစဖြစ်ရာနေရာပေါ်မှာလည်း မူတည်ပါတယ်။ ဦးနှောက်၊ အဆုတ်၊ အသည်း၊ ပန်ကရိယစတဲ့ အရေးကြီးတဲ့ Organ တွေမှာဖြစ်တဲ့ကင်ဆာဆိုရင် အနည်းငယ်နောက်ကျတာနဲ့ပဲ ကုသရမလွယ် ဖြစ်တတ်ပါတယ်။

ကင်ဆာဆိုတာ နောက်ကျရင် ကုသရမလွယ်ဘူးလို့ ပြောကြတာဟာ ရောဂါပျံ့နှံ့တတ်လို့ပါ။ ကင်ဆာဟာ စပေါ်တဲ့နေရာမှာလည်း အမြစ်တွယ်ပြီး အဲဒီနေရာတစ်ဝိုက်ကနေရာတွေကို ပျံ့နှံ့နိုင်ပြီး တခြားအဝေးကနေရာတွေကိုတော့ သွေးကတစ်ဆင့် သို့မဟုတ် Lymphatic Drainage နေရာတွေကတစ်ဆင့်ပျံ့သွားနိုင်ပါတယ်။ အများအားဖြင့် ရင်သား၊ ဆီးကျိတ်၊ ဆီးအိမ်၊ ကျောက်ကပ်စတဲ့ နေရာတွေမှာဖြစ်တဲ့ ကင်ဆာဆဲလ်တွေဟာ အသည်း၊ အဆုတ်၊ ဦးနှောက်၊ အရိုးတွေထဲကို ပျံ့နှံ့သွားတာကြောင့် ကုရမလွယ် ဖြစ်ကြရတာပါ။

ဒါဟာ ကင်ဆာဆိုတာ နောက်ကျရင် ကုရမလွယ်တော့ဘူးဆိုတဲ့ အကြောင်းရင်းပါ။ ဒါကြောင့် ကင်ဆာဆိုတာ စောစောသိအောင် သတိထားပါ။ သိတာနဲ့ ကုသမှုခံယူပါ။ သိတာနဲ့ သက်ဆိုင်ရာဆရာဝန်ကြီးတွေ အကြံပြုတဲ့အတိုင်း ဖြတ်သင့်တာဖြတ်၊ ကုသင့်တာကုကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

မောင်မောင်မြင့်ဆွေ–စုစည်းသည်

အာရှချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲ တရုတ်မှဝမ်ယီဟန် အကြိုဗိုလ်လုပွဲတက်

ပေကျင်း ဧပြီ ၂၁

၂၀၁၂ ခုနှစ် အာရှချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဧပြီ ၂၁ ရက်က တရုတ်နိုင်ငံ ကျင်တောင်မြို့၌ ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တရုတ်တင်းနစ်မယ်ဝမ်ယီဟန်က တရုတ်တင်းနစ်မယ် ကျန်ယန်ကျီအိုအား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့ပြီ ဖြစ်သည်။

အာရှအဆင့်တစ် ကြက်တောင်မယ်ဝမ်ယီဟန် **(ယာပုံ)** သည် ပြိုင်ဘက် ကျန်ယန်ကျီအိုအား ၂၁-၁၇၊ ၂၁-၁၆ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အခြားကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည့် တရုတ်မှ ဝမ်ရှီစီအင်နှင့် တရုတ်တင်းနစ်မယ် ဟန်လီတို့ပွဲတွင် အာရှအဆင့်သုံးတင်းနစ်မယ် ဝမ်ရှီစီအင်က ၁၃-၂၁၊ ၂၁-၁၂၊ ၂၁-၈ ဖြင့် နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ထို့အတူ အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွင် တရုတ်မှ လင်ဒန်က ထိုင်းမှပွန်ဆာနာအား ၂၁-၁၅၊ ၂၁-၁၀ ဖြင့် နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ **(အင်တာနက်)**

ဘွန်ဒက်လီဂါပွဲစဉ်(၃၂) ယှဉ်ပြိုင် မိန့်ဇ်နှင့် ဝုပ်ဘတ်တို့ သရေပွဲဖြစ်

ဘာလင် ဧပြီ ၂၁

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၃၂)ကို ဧပြီ ၂၁ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မိန့်ဇ်နှင့် ဝုဖ်ဘတ်အသင်းတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရသည်။ **(အပေါ်ပုံ)**

အိမ်ကွင်း၌ မိန့်ဇ်အသင်း အနိုင်ရရှိရေးကြိုးစားခဲ့သော်လည်း ဧည့်သည်ဝုဖ်ဘတ်တို့က အမှားအယွင်းနည်းနည်းဖြင့် ဟန့်တားကာကွယ်နိုင်မှုများကြောင့် ဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် မိန့်ဇ်အသင်း တိုက်စစ်မှူးများ၏ ဂိုးသွင်းမသေချာမှုများကလည်း ဂိုးမရှိသရေပွဲရလဒ်ကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

ဂိုးမသွင်းနိုင်

ဧည့်သည်ဝုဖ်ဘတ်တို့က ယခုပွဲ၌ အမှတ်ပြည့်ရရှိနိုင်ရေး ကြိုးစားခဲ့သော်လည်း မိန့်ဇ်အသင်း ဂိုးသမားနှင့် နောက်ခံလူများကြောင့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့သည်။

အိမ်ရှင်မိန့်ဇ်တို့က ဂိုးမပေးရရေးကို အဓိကအားပြုကစားခဲ့သဖြင့်လည်း ဝုဖ်ဘတ်တိုက်စစ်မှူးများ ဂိုးသွင်းခွင့်အခွင့်အရေးများ ပိုင်ပိုင်နိုင်နိုင် မရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲဂိုးမရှိသရေဖြစ်ခဲ့သဖြင့် အိမ်ရှင်မိန့်ဇ်အသင်းက ၃၂ ပွဲ ကစားပြီးချိန်၌ ဘွန်ဒက်လီဂါတန်းစီဇယားတွင် အဆင့် ၁၁ ၌ ရပ်တည်နေပြီး ဝုဖ်ဘတ်အသင်းက အဆင့် ၁၀ ၌ ရောက်ရှိနေသည်။ **(အင်တာနက်)**

၂၀၁၂ လန်ဒန်အိုလံပစ်၌မီတာ ၁၀၀ ကို ၉ ဒသမ ၄ စက္ကန့်ဖြင့် အူစိန်ဘို့ပြေးမည်

လန်ဒန် ဧပြီ ၂၁

ကမ္ဘာ့အပြေးအမြန်ဆုံးလူသားဖြစ်သည့် ဂျမေကာအပြေးသမား အူစိန်ဘို့က လာမည့်လန်ဒန်အိုလံပစ်ပွဲတော်၌ မီတာ ၁၀၀ ကို ၉ ဒသမ ၄ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်မည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ အူစိန်ဘော့ **(ဝဲပုံ)**သည် မီတာ ၂၀၀ ကိုလည်း ၁၉ စက္ကန့်ဖြင့်ပြေးမည်ဖြစ်ကြောင်း ထပ်မံပြောကြားသည်။ အူစိန်ဘော့သည် မီတာ ၁၀၀ ကို ၉ ဒသမ ၅၈ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ထားသကဲ့သို့ မီတာ ၂၀၀ ကိုလည်း ၁၉ ဒသမ ၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ထားသူဖြစ်သည်။

ပရိသတ်များအနေဖြင့် မိမိ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ကို အမြန်ဆုံးပြေးနိုင်ကြောင်း မြင်တွေ့ကြရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အူစိန်ဘော့သည် ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်၌ ယင်းစံချိန်များကို တင်ထားနိုင်ခဲ့သူဖြစ်သည်။

အူစိန်ဘော့သည် ကမ္ဘာ့အမြန်ဆုံးလူသားဖြစ်လာမည့် ၂၀၁၂ လန်ဒန် အိုလံပစ်၌ ဆက်လက်စံချိန်တင်ရန် ကြိုတင်ပြင်ဆင်နေမှုများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်ဟုလည်း ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ်အကြိုဗိုလ်လုပွဲတက်

မိုနာကို ဧပြီ ၂၁

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်သည် ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ ကျင်းပလျက်ရှိသည့် မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် ရိုဗင်ဟာဆေးအား ၆-၄၊ ၆-၂ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ် **(ယာပုံ)**သည် ယင်းပွဲအနိုင်ရလိုက်သဖြင့် မွန်တီကာလိုဖလား ခုနစ်ကြိမ်မြောက်ချန်ပီယံ ရာဖေးလ်နာဒယ်နှင့် ဗိုလ်လုပွဲတွင် ဆုံတွေ့ဖွယ်ရှိသည်။ နာဒယ်သည် ဝါရင်ကာအား ၇-၅၊ ၆-၄ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့ဆဌမအဆင့်ရှိ တိုဗစ်ဘာဒစ်နှင့် ကစားရမည်ဖြစ်သည်။ ဘာဒစ်သည် ဗြိတိသျှတင်းနစ်ကစားသမားအင်ဒီမာရေးအား ၆-၇(၄)၊ ၆-၂၊ ၆-၃ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒိုင်လူကြီးများအား စိတ်ပျက်မိ နည်းပြမန်စီနီ ပြောကြား

လန်ဒန် ဧပြီ ၂၁

ပရီမီယာလိဂ်ဒိုင်လူကြီးများကို စိတ်ပျက်မိကြောင်း မန်စီးတီးနည်းပြ မန်စီနီက ထုတ်ဖော်ပြောကြားလိုက်သည်။

မကြာသေးမီသီတင်းပတ်များက ပရီမီယာလိဂ်ပြိုင်ပွဲများ ကစားရာတွင် ဒိုင်လူကြီးများ၏ဆုံးဖြတ်ချက်များမှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ကြောင်း၊ အထူးသဖြင့် မန်စီးတီးနှင့်မန်ယူတို့ပွဲတွင် မန်ယူအတွက် မျက်နှာလိုက်ဆုံးဖြတ်မှုများရှိကြောင်း မန်စီနီက ပြောကြားသည်။

“ကျွန်တော်အီတလီမှာနေတုန်းက ပရီမီယာလိဂ်မှာ အကောင်းဆုံးဒိုင်လူကြီးတွေပဲရှိမယ်ထင်ထားခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ထင်မြင်ချက်တွေဟာ ပြောင်းပြန်ဖြစ်ကုန်ပြီ”လို့ မန်စီနီက **(အပေါ်ပုံ)** ပြောကြားသည်။ မန်စီးတီးအသင်းသည် ဧပြီ ၂၂ ရက်တွင် ဝုဒ်အသင်းနှင့်လည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် မန်ယူနှင့်လည်းကောင်း၊ မေ ၆ ရက်တွင် နယူးကာဆယ်နှင့်လည်း ကောင်း၊ မေ ၁၃ ရက်တွင် ကျူပီအာနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

တောင်အာဖရိကအပြေးမယ် လန်ဒန်အိုလံပစ်ယှဉ်ပြိုင်မည်

လန်ဒန် ဧပြီ ၂၁

တောင်အာဖရိကမှ မီတာ ၈၀၀ ကမ္ဘာ့ချန်ပီယံဟောင်း ကက်စတာဆီမန်ယာ (အောက်ပုံ) **သည် လန်ဒန် ၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲအတွက် အရည်အချင်းစစ်ဆေးမှုအောင်မြင်သွားပြီဖြစ်သည်။**

အသက် ၂၁ နှစ်အရွယ်ရှိ ကက်စတာဆီမန်ယာသည် ၂၀၀၉ ခုနှစ်က ဘာလင်ကမ္ဘာ့ပြေးခုန်ပစ်အားကစား ပြိုင်ပွဲ မီတာ ၈၀၀ ပြေးပွဲတွင် စံချိန် ၁ မိနစ် ၅၉ ဒသမ ၅၈ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သော်လည်း အမျိုးသမီး၊ အမျိုးသား အငြင်းပွားမှုကြောင့် ဆုတံဆိပ်ပေးခြင်းကို ၁၁ လကြာ ဆိုင်းငံ့ထားခြင်းခံရသည်။

ချီးမြှင့်ပေးအပ်

သို့သော်လည်း နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်က ပြန်လည်စစ်ဆေးခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် ဇူလိုင်လက ဆုပြန်လည်ချီးမြှင့်ပေးအပ်ခဲ့သည်။

သူမသည် ပြီးခဲ့သည့်နှစ် တောင်ကိုရီးယားနိုင်ငံ ဒေဂူးမြို့၌ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ် ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဗန်ပါစီအာဆင်နယ်၌ ဆက်ကစားသင့်ကြောင်း တိုက်စစ်မှူးဟောင်း ဝုဒ်ကော့ပြောကြား

လန်ဒန် ဧပြီ ၂၁

ဗန်ပါစီသည် အာဆင်နယ်အသင်းနှင့်အတူ ဖလားများ ဆွတ်ခူးနိုင်ရေး အာဆင်နယ်အသင်း၌သာ ဆက်ကစားသင့်ကြောင်း အာဆင်နယ်တိုက်စစ်မှူးဟောင်း တိုနီဝုဒ်ကော့ကပြောကြားသည်။ အသက် ၂၈ နှစ်ရှိ ဗန်ပါစီသည် ၂၀၁၃ ခုနှစ် ဇွန်လကုန်အထိသာ စာချုပ်ထားသည်။

၎င်းနောက် အာဆင်နယ်၌ဆက်ကစားရန်အတွက် စာချုပ်ခြင်းမရှိသေးပေ။ အာဆင်နယ်အသင်းသည် ၂၀၀၅ ခုနှစ်က အက်ဖ်အေဖလားဆွတ်ခူးခဲ့သည်။ ဗန်ပါစီ **(အပေါ်ပုံ)**သည် အာဆင်နယ်၌ ရှစ်နှစ်တာအဖြစ် ၎င်းအက်ဖ်အေဖလားတစ်လုံးသာ ဆွတ်ခူးခဲ့ဖူးသည်။ ဗန်ပါစီသည် ယခုနှစ်ရာသီအတွင်း အာဆင်နယ်ဖလားမိုးခေါင်မှုအဆုံးသတ်ရန် ကြိုးစားပေးလျက်ရှိသည်။ ယခုနှစ်အတွင်း ဗန်ပါစီသည် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၃၄ ဂိုးသွင်းယူပေးထားသည်။ **(အင်တာနက်)**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေး လေလံ/B.O.T လမ်းဂိတ်များ သတ်မှတ်နှုန်းထား ထုတ်ပြန်ခြင်း

ယမန်နေ့မှအဆက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လမ်းအသုံးပြုခကောက်ခံရေးနှင့် စပ်လျဉ်း၍ ခရီးအကွာအဝေးအလိုက် ကျသင့်နှုန်းထားတွက်ချက်မှုဇယားများကို လုပ်သားပြည်သူများ၊ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်များ သိရှိနိုင်ပါရန် အောက်ပါအတိုင်း အသေးစိတ် ထုတ်ပြန်အပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

လေလံမဲစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံရမည့်နှုန်းထားများစာရင်း

